## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## (၂၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၁၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၃ း ၁၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၇) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ၁၅-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၅ ဦးရှိပြီး စုစုပေါင်း ကိုယ်စားလှယ် ၂၈ ဦးခွင့်တောင်းခံထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၅ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၄ ဦးနှင့် ခွင့်

၅ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁ ဦးစုစုပေါင်း ၅ ဦးဖြစ်ပါတယ်။ ကိုယ်စားလှယ် ၅ ဦးက အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး၊

(၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း (ခ) ဦးထွန်းထွန်း၊

(၃) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး၊

(၄) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊

(၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း တို့သည် အသီးသီး ခွင့်တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောင်သူလယ်သမားများ ချေးငွေအား တစ်ဧက ကျပ်တစ်သိန်းအထိ ချေးပေးပါရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဂါရဝရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဦးကိုကြီး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၄ နှစ် ၂၀၀၈ ခုနှစ်မှာ အမေရိကန်နိုင်ငံက စတင်ခဲ့တဲ့ စီးပွားပျက်ကပ်ဆိုး ကြီးဟာ တစ်ကမ္ဘာလုံးကို ရိုက်ခတ်ခဲ့ပါတယ်။ ၎င်းစီးပွားပျက်ကပ်ကြီးဟာ အာရှတိုက်တစ်တိုက်လုံးကို အထူးရိုက်ခတ်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာပြည်မှာလည်းပဲ ၎င်းကပ်ဆိုးကြီးရဲ့ ရိုက်ခတ်မှုကို အပြင်းအထန်ခံခဲ့ရပါတယ်။ မူလကတည်းက ချမ်းသာကြွယ်ဝတဲ့ နိုင်ငံငယ်၊ နိုင်ငံကြီးများအနေဖြင့် ပြန်လည်နာလန်ထဖို့မြန်ဆန်ခဲ့ပေမယ့် ဖွံ့ဖြိုးဆဲဖြစ်တဲ့ ဆင်းရဲတဲ့နိုင်ငံများအဖို့ ပြန်လည်နာလန်ထမှု နှေးကွေးနေပါတယ်။ ၎င်းရဲ့ဒဏ်ကြောင့် မြန်မာနိုင်ငံမှာ ဒေါ်လာဈေးများ ကျဆင်းခဲ့ခြင်းနှင့် ကမ္ဘာရှိ ဆန်နဲ့ကောက်ပဲသီးနှံဝယ်ယူတဲ့ နိုင်ငံများရဲ့ ဝယ်ယူလိုအားဟာ ကျဆင်းခဲ့ကြပါတယ်။ အထက်ပါ အကျိုးဆက်များကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ဆန်နှင့်ကောက်ပဲသီးနှံဈေးများဟာ မကြုံစဖူး ကျဆင်း ခဲ့ရပါတယ်။ အဲဒီကျဆင်းမှုကြောင့် တောင်သူလယ်သမားများ ပင်ပန်းကြီးစွာ ကြိုးစားရုန်းကန် အလုပ် လုပ်ခဲ့ကြသော်လည်း ကြီးစွာသောအရှုံးနှင့် ရင်ဆိုင်ခဲ့ကြရပါတယ်။ ၂၀၀၈ မှ ၂၀၁၂ အထိ လေးနှစ် တိုင်တိုင် ဆက်တိုက်အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်နှစ်၊ နှစ်နှစ်ဆိုရင် မထောင်းသာသော်လည်း လေးနှစ်တိတိ ဆက်တိုက်အရှုံးနှင့်ရင်ဆိုင်ခဲ့ကြရတဲ့အတွက် ၎င်းတို့၏ စားဝတ်နေရေးဟာ များစွာကြပ် တည်းနေမှုနှင့် ကြုံတွေ့နေကြရပါတယ်။ ယခုနှစ် ၂၀၁၂ ခုနှစ် စိုက်ပျိုးရာသီမှာလည်း တချို့ဒေသ များမှာ မိုးကြီးပြီးတော့ စပါးခင်းများ ရေမြုပ်ပျက်စီးခြင်း၊ မြန်မာပြည် အလယ်ပိုင်းတစ်ခုလုံးနီးပါး မိုးအထူးခေါင်ခဲ့၍ နှမ်းနှင့် ပဲမျိုးစုံစိုက်ခင်းများ ညှိုးခြောက်ပြီးတော့ ပျက်စီးခြင်း၊ လုံးဝမစိုက်ပျိုးနိုင်

ခဲ့ခြင်း စသည့်အဖြစ်ဆိုးများနှင့် ဆက်လက်ကြုံတွေ့နေခဲ့ရပါတယ်။ တောင်သူလယ်သမားများအဖို့ ဖောင်စီးရင်း ရေငတ်နေကြရပါတယ်။ ပေါင်စရာလည်း ရွှေမရှိတော့ဘူး။ အတိုးနဲ့ ငွေချေးမယ့်သူက လည်း ယခင်အကြွေးများ မကျေတဲ့အတွက်ကြောင့် ငွေချေးမယ့်သူကလည်း မရှိတော့ပါဘူး။ ဒါကြောင့် ဒီအခက်အခဲများ ကျော်နိုင်ဖို့ နိုင်ငံတော်က ပို၍ကူညီမှုဖြစ်မယ့်အခြေအနေကို ဆိုက်ရောက်နေပါ တယ်။ နိုင်ငံတော်မှာလည်းပဲ ယခင် တစ်ဧက ၂၀၀၀၀၊ ထို့နောက် ၄၀၀၀၀၊ ထို့နောက် ၅၀၀၀၀ ကျပ် အထိချေးငွေများကို တိုးပေးတာကိုတွေ့ရပါတယ်။ ဒါတောင်မှ ဒီလိုချေးငွေများပေးခဲ့ရာမှာ ကျန်တောင်သူ များက သူတို့အတွက် လုံးဝချေးငွေမရပါဘူးလို့ ပြောတာကိုလည်း ကြုံတွေ့ရပါတယ်။ ဥပမာ မန္တလေး တိုင်း အထက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းတို့မှာဖြစ်ပါတယ်။ သူတို့အတွက်လည်း ထည့်သွင်းစဉ်းစားပေးပါ လို့ တောင်းဆိုမှုရှိနေကြပါတယ်။ ထို့အပြင် နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများချ၍ လုပ်ဆောင်ပေးနေသည်ကို တောင်သူလယ်သမားများက အထူးပဲကျေးဇူး တင်နေကြပါတယ်။ သို့သော်လည်း ယခု နောက်ဆုံးတိုးမြှင့်ချေးငွေ ၅၀၀၀၀ ကျပ်ဟာလည်း တောင်သူ လယ်သမားများ တစ်ဧကလိုအပ်ချက်ရဲ့ သုံးပုံတစ်ပုံပဲရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ဒီချေးငွေ ထုတ်ပေးတဲ့ လဟာလည်းပဲ နောက်ကျတယ်လို့ သိရပါတယ်။ ယခင်က ၅ လပိုင်းမှာ စတင်ထုတ်ချေး ခဲ့၍ ယခု ၇ လပိုင်းမှ ချေးငွေများ စတင်ထုတ်ချေးတဲ့အတွက် နောက်ကျနေပြီးတော့ တကယ်လိုအပ်တဲ့ အချိန်မှာ သုံးလို့မရဖြစ်နေပါတယ်။ အထက်ပါအကြောင်းကြောင်းတို့ကြောင့် တောင်သူလယ်သမား များဟာ ဆင့်ပါးစပ်နှမ်းပက်တဲ့ကိန်းနဲ့ ကြုံနေရပါတယ်။ ဒါကြောင့်မို့ ဒီအကြပ်အတည်း၊ ဒီအဖြစ်ဆိုး ဒီတောင်မှကျော်နိုင်ဖို့ တစ်ဧကမှာ ကျပ် ၁၀၀၀၀၀ အထိ ချေးငွေ ချေးပေးဖို့ လိုလားနေကြပါတယ်။ ထိုသို့ချေးပေးနိုင်ခြင်း ရှိ၊ မရှိကိုသိလိုပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် တောင်သူ လယ်သမားများ၏ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ကျပ်တစ်သိန်းထိ ချေးပေးပါရန် တောင်သူလယ်သမားများက အသနားခံတင်ပြပြောဆိုမှုများရှိပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းချက်ကို ဖြေကြားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများအတွက် ယခုနှစ် ၂၀၁၂ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံကို တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၀ မိုးရာသီထုတ်ချေးငွေထုတ်ချေးခဲ့စဉ်က စပါးသီးနှံ တစ်ဧကကို ကျပ် ၂၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧက ကျပ် ၁၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် ၁၆၅.၈၃၂ ဘီလီယံ ထုတ်ချေးခဲ့ရာ သတ်မှတ်ကာလဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရာနှုန်းပြည့်ကျေပြေစွာ ကောက်ခံ ရရှိခဲ့ပါတယ်။ ၂၀၁၁ မိုးရာသီချေးငွေကို စပါးသီးနှံကို တစ်ဧက ၄၀၀၀၀ ကျပ်နှုန်းထိ တိုးမြှင့်ထုတ်ချေးခဲ့ပြီး အခြားသီးနှံတစ်ဧက ၁၀၀၀၀ ကျပ်နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် ၃၁၂.၁၁၂ ဘီလီယံ ထုတ်ချေးပေးခဲ့ပါတယ်။ သတ်မှတ်ကာလ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ငွေကျပ် ၂၇၉.၃၈ ဘီလီယံသာ ကောက်ခံရရှိပြီး ငွေကျပ် ၃၂.၇၃ ဘီလီယံ ကျန်ရှိသည့်အတွက် ၈၉.၅၁ ရာခိုင်နှုန်းသာ ပြန်လည်ကောက်ခံရရှိခဲ့ပါတယ်။ ယခု ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ ရာနှုန်းပြည့်ပြေကျေခြင်းမရှိသေးဘဲ ငွေကျပ် ၃.၈၅ ဘီလီယံ ကျန်ရှိနေ ပါသေးတယ်။ သို့သော်လည်း တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်ထုတ်ချေးပေးခဲ့ရာ ယခုနှစ် ၂၀၁၂ မိုးချေးငွေကိုလည်း စပါးသီးနှံတစ်ဧကကို ၅၀၀၀၀ ကျပ်နှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးလျက် ရှိပါတယ်။ ယခုနှစ်အတွက် ငွေကျပ် ၅၀၀ ဘီလီယံအထိ ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ တစ်ပြည်လုံးအတိုင်းအတာ အနေဖြင့် ငွေထုထည်ပမာဏ အလွန်ပင်များပြားနေကြောင်းကို သိရှိနိုင်ပါတယ်။ ၎င်းချေးငွေများသည် နိုင်ငံတော်ဘဏ္ဍာငွေများဖြစ်ပါ၍ အဆုံးရှုံးခံ၍ မရသည့်အပြင် ဘဏ်အနေဖြင့်လည်း တောင်သူလယ်သမားများ၏အပိုင်းမှ တာဝန်ကျေပြန်လည် ပေးဆပ်နိုင်စွမ်းအားနှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးလည်ပတ်မှု ထုထည်ပမာဏအခြေအနေတို့ကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းတွက်ချက်ဆောင်ရွက်ရခြင်းဖြစ်ပါ၍ စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက ဆွေးနွေးလိုကြောင်း ယခုမှတင်ပြလာပါတယ်။ ဆွေးနွေးရန်၊ ပြင်ဆင်ရန်ရှိက လုံလောက်သောအချိန်ပေးထားပြီးလည်းဖြစ်ပါတယ်။ သတ်မှတ်တဲ့ရက်၊ အချိန်ထက်နောက်ကျနေတဲ့အပြင် ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(ခ)အရ ဆောင်ရွက်ရန်မသင့်ဟုယူဆတဲ့အတွက် ခွင့်မပြုနိုင်ကြောင်း အသိပေးပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၂၂) ရက်မြောက်နေ့မှာ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးကတင်သွင်းပြီး လွှတ်တော်မှာစဉ်းစားဆွေးနွေးရန်ဆုံးဖြတ်ထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒီကနေ့ စတင်ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ထားတဲ့ ၁၀-၈-၂၀၁၂ ရက်နေ့အထိ ပြင်ဆင်ချက်များကိုဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာဖြင့် အကြောင်းကြားခဲ့သော်လည်း အကြောင်းကြားပေးပို့ထားခြင်းမရှိတဲ့အတွက် ဦးမောင်တိုးရဲ့ပြင်ဆင်ချက်အဆိုကို ယခုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဦးမောင်တိုး တင်သွင်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ စိစစ်တင်ပြပြီးဖြစ်ပါ၍ ပြင်ဆင်ချက်အား သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ် သဘောထားပြောပါ။

**ဦးလွန်းမောင်(ပြည်ထောင်စုစာရင်းစစ်ချုပ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်တဲ့အချက်အလက်တွေကို ကျွန်တော်တို့ဆွေးနွေးညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး လက်ခံနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက်အဆိုကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကသဘောတူပြီးတဲ့အတွက် ဦးမောင်တိုးတင်ပြခဲ့တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သူ့ရဲ့လုပ်ထုံးလုပ်နည်းအရ ထပ်မံကျွန်တော်တင်ပြပါ့မယ်။ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်အဆိုပြုချက်မရှိတဲ့အပြင် သက်ဆိုင်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်း သဘောတူညီတဲ့အတွက် ဦးမောင်တိုး၏ ပြင်ဆင်ချက်အတိုင်းအတည်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က ၈-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုပြီးသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်က ၈-၈-၂၀၁၂ ရက်နေ့တွင်လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင်ပါဝင်သည့် အစိုးရ မဟုတ်သော လူ့အဖွဲ့အစည်း (NGO)များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO)များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းထားတဲ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့် လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးရဲထွန်း ဆွေးနွေးမယ့်အကြောင်းအရာကတော့ ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၇) ရက်မြောက်နေ့က ဦးသိန်းညွန့်တင်သွင်းသွားခဲ့တဲ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်း အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုတာကတော့ လူမှုရေး၊ ဘာသာရေး၊ သာရေး၊ နာရေးအသင်းများ ဖွဲ့စည်းမှတ်ပုံတင်ရေးနှင့်ပတ်သက်ပြီး မှတ်ပုံတင်ကြေးမြင့်မားနေတာနဲ့ အချို့သောအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကို နိုင်ငံရေးကင်းရှင်းရမည်လို့ သတ်မှတ်ထားတဲ့အချက်နှစ်ခုနဲ့ပတ်သက်ပြီး ပြည်သူများ လက်ရှိခံစားနေကြရတဲ့ စိတ်မသက်သာဖြစ်နေကြရမှုများကြောင့် ခေတ်စနစ်နဲ့မကိုက်ညီလို့ ထင်မြင်ယူဆတဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ ခေတ်စနစ်အသစ်တစ်ခုဆီကို ခြေလှမ်းကျဲကျဲနဲ့ ချီတက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌများက ဒီမိုကရေစီလူ့ဘောင်နဲ့ လိုက်လျောညီထွေရှိတဲ့ လုပ်ငန်းစဉ်များကို တက်တက်ကြွကြွ အကောင်အထည်ဖော်နေချိန်မှာ ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့ ညီညွတ်မှုမရှိတဲ့ ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ထောက်ပြကြမှသာ တာဝန်ကျေရာရောက်မှာဖြစ်ပါတယ်။ ဒီမိုကရေစီလူ့ဘောင်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများလို့ခေါ်တဲ့ အစိုးရနှင့်မပတ်သက်သော အဖွဲ့အစည်း (Non Governmental Organization) များရဲ့ကဏ္ဍဟာ အရေးပါလှပါတယ်။ ဘာကြောင့်လဲဆိုတော့ အဓိကအားဖြင့် အောက်ပါအချက်သုံးချက်ကို ပညာရှင်တွေက ညွှန်းလေ့ရှိကြပါတယ်။ (၁) အရပ်ဘက်လူမှုအဖွဲ့အစည်းများဟာ အစိုးရနှင့်ဈေးကွက်တို့ကနေ လွတ်ကင်းစွာ ရပ်တည်နေနိုင်တဲ့ လူမှုပေါင်းသင်းဆက်ဆံရေးဘဝကို ဆက်လက်ထိန်းသိမ်း

ထားနိုင်ခြင်း၊ (၂) ဒီအရပ်ဘက်လူမှုအဖွဲ့အစည်းများမှာ ပါဝင်ခြင်းအားဖြင့် အတ္တကိုယ်ကျိုးစီးပွားကို ကျော်လွှန်ကာ အများအတွက် စိတ်ကောင်းစေတနာထားတဲ့ အလေ့အထကောင်းများ ပေါ်ပေါက်လာစေနိုင်တဲ့ ရေသောက်မြစ်ဖြစ်နိုင်ခြင်း၊ (၃) ကတော့ ဒီလိုအဖွဲ့အစည်းအသင်းများမှာ မကြာခဏ တွေ့ဆုံပြီး ပြည်သူ့ရေးရာများ ပြောဆိုဆွေးနွေးဖလှယ်ရာ ရပ်ဝန်းတစ်ခုဖြစ်လာနိုင်ခြင်း စတာတွေပဲ ဖြစ်ပါတယ်။ ဒီလိုအရပ်ဘက်လူမှုအဖွဲ့အစည်းများမှာ ငွေကြေးအရင်းအနှီးနှင့် နည်းပညာအရင်းအနှီးများ အားနည်းနိုင်ပေမယ့် ယုံကြည်မှုကို အခြေခံတဲ့လူမှုအရင်းအနှီးများ ကြွယ်ဝစွာရှိနေတဲ့အတွက် ငြိမ်ချမ်းသာယာတဲ့ ချစ်ကြည်ရင်းနှီးတဲ့လူမှုဘဝကို ထိန်းသိမ်းထားနိုင်ပါတယ်။ အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်က ထိုးဖောက်ဝင်ရောက်လာတဲ့အတွက် လူအချင်းချင်းဆက်ဆံရေးမှာ အတ္တနှင့်ကိုယ့်အကျိုးအတွက် အမြတ်အစွန်းကို အဓိကထားတဲ့ဆက်ဆံရေးများ တစ်နေ့တခြား ထူပြောလာခဲ့ပါတယ်။ ဒီအခါမှာ အများစုလူလတ်တန်းစားနှင့် ဆင်းရဲသားများရဲ့ နေရေး၊ သေရေး၊ ကျန်းမာရေးကိစ္စများကို လူတန်းစေ့အောင် စီစဉ်ဆောင်ရွက်နိုင်ရေးမှာ ပိုမိုခက်ခဲလာပြီး ဒီလိုလူမှုအဖွဲ့အစည်းများသာမရှိရင် ပြည်သူများ များစွာဒုက္ခရောက်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ညွှန်းကိန်းတွေ လေ့လာသုံးသပ်တဲ့ အဖွဲ့အစည်းအချို့ရဲ့ နှစ်စဉ်အစီရင်ခံစာတွေအရ မြန်မာနိုင်ငံဟာ ပြီးခဲ့တဲ့အတိတ်ကာလတစ်လျှောက် ကမ္ဘာပေါ်မှာ အဘက်ဘက်က အောက်ကျနောက်ကျ ဖြစ်ခဲ့ရပေမယ့် စေတနာမေတ္တာ တရားကြီးမားစွာ ရှိနေတာကတော့ အံ့မခန်းပါပဲဆိုတာ အောက်ပါစာရင်းဇယားများကိုဖော်ပြရင်း နှိုင်းယှဉ်တင်ပြလိုပါတယ်။ ဒီစာရင်းဇယားများကို တင်ပြရတာဟာ ယခင်အစိုးရဟောင်းကို အပြစ်ပြောလိုရင်းမဟုတ်ဘဲ နိုင်ငံနှင့်နိုင်ငံသားများရဲ့ အားကောင်းချက်ကို ပေါ်လွင်ထင်ရှားအောင်ပြလိုခြင်းသာဖြစ်ကြောင်း စကားပလ္လင်ခံလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၉ ခုနှစ်က ပြုစုခဲ့တဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုရဲ့ စာရင်းဇယားများအရ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံပေါင်း ၂၀၀ အတွက် လေ့လာတွက်ချက်တဲ့ လူတစ်ဦးကျ မူလတန်းပညာရေးအသုံးစရိတ်မှာ တစ်နှစ် ၁၇ ဒေါ်လာနှင့် အဆင့် ၁၉၉၊ အလယ်တန်း ပညာရေးအသုံးစရိတ်မှာ တစ်နှစ်ကို ၁၀ ဒေါ်လာနှုန်းနဲ့ နံပါတ် ၁၉၇ မှာရှိနေလို့ နောက်ဆုံးကစ ရေတွက်ရင် နံပါတ် ၄ နေရာမှာရှိပါတယ်။ ကျန်းမာရေးအသုံးစရိတ်မှာဆိုရင်လည်း လူတစ်ဦးကျ အသုံးစရိတ် တစ်နှစ် ၂ ဒေါ်လာနှုန်းနဲ့၊ အာဖဂန်နစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်တို့ရဲ့အောက် ဇယားရဲ့ အဆုံးမှာရှိနေပါတယ်။ ၂၀၀၈ ခုနှစ် စာရင်းအရ မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာဆိုရင် လူဦးရေ ၁၀၀ မှာ တစ်လုံးနှုန်းနဲ့ နောက်ဆုံးအဆင့်မှာရှိပြီး အင်တာနက်အသုံးပြုနိုင်မှုမှာဆိုရင်လည်း နိုင်ငံပေါင်း ၂၀၀ အနက် အဆင့်

က ၁၉၉ နဲ့ အောက်ဆုံးနားမှာပဲ ရှိခဲ့ပါတယ်။ အကျင့်ပျက်လာဘ်စားမှု အထူပြောဆုံးနိုင်ငံများ စာရင်းမှာဆိုရင်လည်း နိုင်ငံပေါင်း ၁၈၃ နိုင်ငံ အနက် နံပါတ် ၁၈၁ ချိတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုကမ္ဘာ ပေါင်းစုံမှာ အောက်တန်းနောက်တန်းကျပြီး အဆင်းရဲဆုံးနိုင်ငံ ဖြစ်နေပေမယ့် ကူညီပေးကမ်းမှုအထိ ရောက်ဆုံး ၂၅ နိုင်ငံစာရင်းမှာတော့ ကျွန်တော်တို့နိုင်ငံက နံပါတ် ၂၃ ချိတ်တာကို အံ့သြဖွယ်ရာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့နောက်မှာ ကျွန်တော်တို့ထက် အများကြီးပိုမိုချမ်းသာတဲ့ လူဇင်ဘတ်၊ နော်ဝေ၊ အီတလီ၊ ထိုင်း စတဲ့နိုင်ငံတွေနဲ့အတူ နိုင်ငံပေါင်း ၁၇၀ ကျော်လောက် ရှိနေတာကို တွေ့ရ ပါတယ်။ ဒီညွှန်းကိန်းကိုတွက်ချက်ရာမှာတော့ ငွေကြေးပမာဏကို အဓိကမထားဘဲ လှူဒါန်းကူညီမှု ပြုတဲ့ ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုကို အဓိက ဆန်းစစ်တွက်ချက်ထားတာ ဖြစ်တယ်လို့ ဆိုပါတယ်။ နာဂစ်မုန်တိုင်း တိုက်ခတ်ခံရအပြီး လျင်မြန်စွာ နလန်ထလာနိုင်တာကိုလည်း ကမ္ဘာက အံ့သြချီးကျူးကြပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ ညွှန်းကိန်းများအရ လွန်ခဲ့တဲ့ကာလ အစိုးရက ပြည်သူ့အတွက် သုံးစွဲခဲ့တာမှာ အလွန်နည်းပါးခဲ့ပေမယ့် နိုင်ငံသားများရဲ့ အလှူအတန်းရက်ရောမှု၊ ဒုက္ခရောက်သူအပေါ်မှာ မေတ္တာ၊ စေတနာထားရှိမှုစတာတွေကတော့ ကမ္ဘာကအသိအမှတ်ပြုခံရ လောက်အောင် ကြီးမားကြောင်း တွေ့မြင်ကြရပါတယ်။ မှန်ပါတယ်ခင်ဗျား။ နိုင်ငံမှ ကမ္ဘာကျော်တဲ့ လူမှုကူညီရေးအသင်းများ၊ နာရေးကူညီမှုအသင်းများ၊ HIV, AIDS ဝေဒနာရှင်များ ကူညီ စောင့်ရှောက်ရေး အသင်းများ ရှိကြပါတယ်။ သို့သော်လည်း ဒီနေရာမှာ ဒီအဖွဲ့အစည်းများရဲ့ စာရင်း ဇယားများကို လက်လှမ်းမမီနိုင်လို့ မတင်ပြနိုင်တာကို ခွင့်လွှတ်ကြဖို့ တောင်းပန်အပ်ပါတယ်။

သီပေါမြို့လေးက အလှူအတန်းလုပ်ကြတဲ့ အဖွဲ့အစည်းများရဲ့စေတနာ၊ မေတ္တာကြီးမားမှုကို တော့ အလျဉ်းသင့်တဲ့အတွက် ပြောပြပါရစေ။ သီပေါသီတဂူမျက်စိအခမဲ့ ကုသရေးဆေးရုံကို ၂၀၀၈ ခုနှစ်က မြို့မိမြို့ဖ စေတနာရှင်ပြည်သူလူထုရဲ့ အလှူငွေများနှင့် ဘုရားကြီးပရဝုဏ်အတွင်းမှာ အဆောက်အဦ ဆောက်ခဲ့ပါတယ်။ စစ်ကိုင်းသီတဂူဆရာတော်ပေးပို့လှူဒါန်းတဲ့ မျက်စိခွဲစိတ်စက် များနှင့် မတည်ခဲ့ကြပြီး ဘုရားကြီးက ဆရာတော် ဦးပညာသီရိက ဦးဆောင်ပါတယ်။ ကုသမှုတစ်ကြိမ် နှင့်တစ်ကြိမ် အကြား ၃၊ ၄ လသာ ခြားပြီး ကုသပေးခဲ့ကြတာ ဒီနှစ် ဇူလိုင်လက (၂၀) ကြိမ်မြောက် ခွဲစိတ်ကုသမှုကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလေးနှစ်အတွင်းမှာ မျက်စိလူနာပေါင်း ၁၀၃၀၇ ဦးကို စစ်ဆေးကြည့်ရှုခဲ့ပြီး ၂၀၃၀ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသ နိုင်ခဲ့ပါတယ်။ အားလုံးကို အခမဲ့ကုသ ပေးနိုင်ခဲ့တာဖြစ်လို့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော အခမဲ့မျက်စိခွဲစိတ်ကုသဆေးရုံ ဖြစ်တယ်လို့

သီတဂူဆရာတော် ဦးဉာဏိဿရ ချီးကျူးမှုကို ခံခဲ့ရပါတယ်။ ဒီဆေးရုံက ကုန်ကျတဲ့အသုံးစရိတ် အားလုံးဟာ သီပေါမြို့သူမြို့သားများ၊ မျက်စိဝေဒနာရှင်များ၊ အခြားသော မြို့ရွာများက အလှူရှင် များ၊ ဆရာတော်၊ သံဃာတော်များနှင့် ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ၊ သူနာပြုဆရာမများရဲ့ မေတ္တာစေတနာများကြောင့် ရရှိတဲ့အလှူငွေများနှင့် သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ ထို့နည်းတူပါပဲ မြတ်မွန် စေတနာ နာရေးကူညီမှုအသင်းကို ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး သုဿန်သန့်ရှင်း သာယာရေး၊ မရှိဆင်းရဲသားများနှင့် ရဟန်းသံဃာများကို အခမဲ့မီးသင်္ဂြိုဟ်နိုင်ရေးကိစ္စများကို အမြဲတမ်းအသင်းဝင် ၂၆၀ ကျော်လောက်ရဲ့ အလှူငွေများနှင့် စတင်ဆောင်ရွက်ခဲ့တာ ယခုဆိုရင် ၁၁ နှစ်လောက်ကြာခဲ့ပါပြီ။ ဒီ ၁၁ နှစ်အတောအတွင်းမှာ လူသေအလောင်းပေါင်း ၂၂၆၃ လောင်းကို မီးသင်္ဂြိုဟ်ပေးနိုင်ပါတယ်။ ဒါ့အပြင် သုဿန်သန့်ရှင်းရေးနှင့် လျှပ်စစ်မီးရရှိရေး၊ ကား၊ ဆိုင်ကယ် ရပ်နားကွင်းများ သပ်ရပ်ကောင်းမွန်ရေး၊ သုဿန်အဝင်လမ်းကောင်းမွန်ရေး၊ သုဿန်ဇရပ် ပြုပြင် မွမ်းမံရေးစတာတွေကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလို စေတနာ၊ မေတ္တာထားပြီး လုပ်ဆောင် နေကြတဲ့သတင်းကြောင့် မူလက ထော်လာဂျီနှင့်သာ အလောင်းကိုသယ်ပို့ပေးနိုင်ရာက ကားနှင့် သယ်ပို့ပေးနိုင်စေဖို့ ကားလှူဒါန်းတဲ့ အလှူရှင်များလည်း ပေါ်လာခဲ့ပါပြီ။ ဒါ့အပြင် သီပေါမြို့မှာ လူငယ်စေတနာရှင်များက One More ဆိုတဲ့ အဖွဲ့ကလေးကို လွန်ခဲ့တဲ့ တစ်နှစ်ခန့်က စတင်ဖွဲ့စည်း ခဲ့ပြီး လူတစ်ယောက်တစ်လလျှင် ၁၀၀၀ ထည့်ဝင် လှူဒါန်းကာ ရတဲ့ငွေများကို ချက်ချင်းပဲ လိုအပ်တဲ့ နေရာများကို သွားရောက်လှူဒါန်းကြပါတယ်။ ယခု (၁၁) ကြိမ်မြောက်မှာတော့ လူအင်အား ၇၃၃ ယောက်လောက်အထိ ထည့်ဝင်လှူဒါန်းကြတဲ့အတွက် အလှူငွေ ၇၃၃၀၀၀ ကို လိုအပ်တဲ့နေရာ အသီးသီးမှာ သွားရောက်ခွဲဝေလှူဒါန်းနိုင်ခဲ့ကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြို့က အဲဒီလို လူမှုရေးအသင်းအဖွဲ့များအပြင် ရှမ်းစာပေယဉ်ကျေးမှုအသင်း၊ ရေကြည်တော်ဝတ်အသင်းစတာတွေ လည်းရှိပါတယ်။ ယခုလို သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့တွေထဲမှာ ပါဝင်ကြတဲ့ လူများကတော့ နိုင်ငံရေးပါတီပေါင်းစုံမှဖြစ်သလို အချို့ကလည်း မည်သည့်နိုင်ငံရေးပါတီဝင်မျှ မဟုတ်ကြပါဘူး။ အဲဒီနိုင်ငံရေးပေါင်းစုံဆိုတာ ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းဝင်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီဝင်များ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်(ကျားဖြူ)ပါတီဝင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လိုလားကြသူများ ဖြစ်ကြပါတယ်။ ဒါပေမယ့် အတူတကွ စည်းစည်း လုံးလုံးနှင့် လက်တွဲပြီး အများအကျိုးအတွက် ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အဲဒီလို

စည်းလုံးညီညွတ်ပြီး အတူလက်တွဲဆောင်ရွက်နေနိုင်အောင်က အဖွဲ့အစည်းကို ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်ရဲ့ အမျှော်အမြင်ကြီးမားမှု၊ နိုင်ငံရေးအမြင်မတူမှုများကို နောက်မှာ အသာထားပြီး အများ အကျိုးအတွက်ဆိုတဲ့ ဂုဏ်တူညီတဲ့ ကုသိုလ်ရေးရည်မှန်းချက်အတွက်သာ အဖွဲ့အစည်းအတွင်းမှာ ပြောဆိုလုပ်ကိုင်ကြဖို့ အမြဲတမ်း တိုက်တွန်းနေလို့ပဲ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ယနေ့ ပြည်သူ့ လွှတ်တော်အတွင်းမှာ ကျွန်တော်တို့တစ်တွေဟာ ပြည်သူ့အကျိုးအတွက် ပျော်ပျော်ရွှင်ရွှင်နှင့် တာဝန် တွေ ထမ်းဆောင်နေနိုင်တာဟာလည်း အဲဒီလို အစွဲတွေ၊ စိတ်အခံတွေကို ဘေးဖယ်ထားပြီး ပြည်သူ လူထုအကျိုးစီးပွားအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ အခြေခံစိတ်ဓာတ်မွေးမြူနိုင်အောင် လွှတ်တော်အကြီးအမှူးက အမြဲတမ်းတိုက်တွန်း နှိုးဆော်နေမှု ကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့က ရပ်ရေးရွာရေးနှင့် အများကောင်းကျိုးကို လိုလားကြတဲ့ လူကြီး သူမများ၊ လူငယ်များ ယခုလိုပျော်ပျော်ရွှင်ရွှင်နဲ့ အတူတကွလက်တွဲလုပ်ကိုင်နေကြတုန်းမှာပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသင်းအဖွဲ့များ မှတ်ပုံတင်ကြေးက တစ်နှစ်ကို တစ်သိန်းနှုန်းနှင့် ၅ နှစ်စာ ၅ သိန်းသွင်းရမယ်ဆိုတဲ့ သတင်းကြောင့် အပျော်တွေကို လွင့်စင်သွားခဲ့ကြရပါတယ်။ ပွင့်ပွင့် လင်းလင်းပြောရရင်တော့ ကျွန်တော်တို့လုပ်ကိုင်နေကြတဲ့ သာရေး၊ နာရေး၊ ကျန်းမာရေးအလုပ်တွေ ဟာ အစိုးရဝန်ကြီးဌာနတွေက ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးကြရမယ့် အလုပ်တွေပဲ ဖြစ်ပါ တယ်။ သို့သော်လည်း တာဝန်သိတတ်တဲ့ နိုင်ငံသားများပီပီ သူ့အလုပ်၊ ငါ့အလုပ်တွက်ကပ်မနေဘဲ မိမိ လုပ်သင့်လုပ်ထိုက်တယ်လို့ သိမြင်တာကြောင့် အများပြည်သူအပေါ် စေတနာ၊ မေတ္တာထားပြီး ဆောင် ရွက်နေကြတာသာ ဖြစ်ပါတယ်။ မည်သည့် နိုင်ငံရေး၊ စီးပွားရေးအကျိုးအမြတ်မျှ ရှာဖွေခြင်း၊ မျှော်ကိုးခြင်း မရှိကြပါ။ ဒါကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဒီညွှန်ကြားချက်ကို ကြားရတဲ့ အခါမှာ သြော် ငါတို့က လူအများအပေါ်စေတနာထားသလောက် အစိုးရက ငါတို့လူမှုအဖွဲ့အစည်း တွေအပေါ်မှာ မတုံ့ပြန်ပါလားလို့ ခံစားကြရပါတယ်။ အမှန်ကတော့ အစိုးရက သူတို့လုပ်ရမယ့် အလုပ်တွေကို ဝင်ကူလုပ်ပေးတဲ့ ဒီလိုအဖွဲ့အစည်းတွေအပေါ် မှတ်ပုံတင်ကြေး နင့်နေအောင် ယူမယ့် အစား ကူညီထောက်ပံ့မှုတောင် ပေးသင့်ပါတယ်။ အခြားတစ်ဖက်မှာလည်း ဒီလိုအဖွဲ့အစည်းတွေ များများ ပေါ်မလာစေချင်လို့ တွေးနေမိပါတယ်။ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးစ ရုရှားနိုင်ငံမှာ အဲဒီလို အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း ၂၇၇၀၀၀ ရှိပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီး ဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ အဲဒီလိုအဖွဲ့အစည်းမျိုး ၃.၃ သန်းလောက် ရှိတာမို့ လူဦးရေ ၄၀၀ မှာ တစ်ဖွဲ့

နှုန်းလောက်တောင်ရှိနေပါတယ်။ ဒီစာရင်းတွေနှင့် နှိုင်းယှဉ်ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများ သန်မာအားကောင်းဖို့ များစွာလိုအပ်နေသေးကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှတ်ပုံတင်ရေးကိစ္စကို သင့်တော်မျှတတဲ့ နှုန်းထားတစ်ခုပြင်ပေးပါလို့ တင်ပြလိုပါတယ်။ တတ်နိုင်ရင် ဒီအဖွဲ့အစည်းများကို အစိုးရက ကူညီထောက်ပံ့ပါလို့တောင် တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းဝင်များကို နိုင်ငံရေးကင်းရှင်းရမည် ဆိုတာကလည်း လက်တွေ့မကျပါ။ အဲဒီလို စည်းကမ်းသတ်မှတ်လိုက်တဲ့အတွက် ကျွန်တော်တို့ဒေသမှာ ရှမ်းစာပေသင်ကြားနိုင်တဲ့ ကျားဖြူပါတီဝင်များ၊ စာပေယဉ်ကျေးမှုအသင်းမဝင်နိုင်ကြတော့သလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များကလည်း ဘော်ကြိုဘုရားဂေါပကအဖွဲ့က နုတ်ထွက်ခဲ့ကြရပါတယ်။ အဲဒီလိုစည်းကမ်းသတ်မှတ်ခြင်းဟာ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ တိုင်းရင်းသား စာပေ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘုံတာဝန်များ၊ ဆောင်ရွက်ချက်များကို ပါတီနိုင်ငံရေး အကျိုး စီးပွားအလို့ငှာ ဂိုဏ်းဂဃနဆန်ဆန် အသုံးချလာမှာကို စိုးရိမ်လို့ဖြစ်တယ်ဆိုတာကို သဘောပေါက်နားလည်ပါတယ်။ သို့သော်လက်တွေ့မှာက နိုင်ငံရေးပါတီဝင်များကို ခွဲခြားဆက်ဆံသည့်လူ့အခွင့် အရေးပိတ်ပင်ခံထားရသလို ဖြစ်သွားစေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ (ဂ)နှင့် ဆန့်ကျင်နေပါတယ်။ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)က ဆိုထားတာက နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်လို့ ဆိုပြီး အပိုဒ်ခွဲ(ဂ)မှာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်လို့ ဆိုထားပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းဝင်များဟာ နိုင်ငံရေးကင်းရှင်းရမည်၊ နိုင်ငံရေးပါတီဝင်များ မဖြစ်ရဆိုတာမျိုး စည်းကမ်းသတ်မှတ်မယ့်အစား အားလုံးအတူတကွ လက်တွဲပြီး အလုပ်လုပ်နိုင်စေမယ့် စည်းကမ်းချက်မျိုးသာ သတ်မှတ်သင့်ပါတယ်။ ဥပမာအားဖြင့် အသင်းအဖွဲ့ကို နိုင်ငံရေးပါတီတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာ ခုတုံးလုပ် အသုံးပြုခြင်း မရှိစေရဆိုတဲ့ စည်းကမ်းချက်မျိုး၊ အသင်းအဖွဲ့၏ တာဝန်ခံဥက္ကဋ္ဌဖြစ်သူသည် နိုင်ငံရေးဘက်လိုက်မှုကင်းပြီး အဖွဲ့အစည်းဝင်အားလုံးကို စည်းစည်းလုံးလုံးဖြင့် အတူတကွ အလုပ်လုပ်နိုင်အောင် စည်းရုံးခေါင်းဆောင်နိုင်စွမ်းရှိရမည် ဆိုတာမျိုးလောက်သာ စည်းကမ်းသတ်မှတ်ထားရမယ်ဆိုရင် မဖြစ်သင့်မဖြစ်ထိုက်တာတွေကို ကာကွယ်ထားနိုင်ပြီး အသင်းအဖွဲ့တစ်ခုချင်းစီအလိုက် ထားရှိကြတဲ့ ရည်ရွယ်ချက်များကို အောင်မြင်အောင် အတူတကွ စည်းစည်း

လုံးလုံးနှင့် အလုပ်လုပ်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်တောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုတိုးတက်ဖွံ့ဖြိုးရန် နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် လွှတ်တော်အဆင့်ဆင့်ကဲ့သို့သော အဖွဲ့အစည်းတွေက နိုင်ငံတော်မူဝါဒတွေ၊ ဥပဒေတွေ ပြဋ္ဌာန်းချမှတ်လုပ်ဆောင်မှုအရေးပါသလို နိုင်ငံတော်အတွင်း လူမှုရေး၊ စီးပွားရေးများ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးစေရန်အတွက် အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်း (NGO) များနှင့် နိုင်ငံတော်အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်း (INGO) များရဲ့ ဒေသများအပေါ် အခြေခံပြီး ပြည်သူအများရဲ့လိုအပ်ချက်နဲ့ အခက်အခဲတွေကို ကူညီဖြည့်ဆည်း ထောက်ကူပံ့ပိုးခြင်းများဟာလည်း နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲမှုအပေါ်မှာ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်ပေါ်စေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ လွှတ်တော်အဆင့်ဆင့်နဲ့ ပြည်သူတွေကရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်အစိုးရပေါ်ပေါက်ခဲ့ပြီးဖြစ်ပါတယ်။ ခေတ်တစ်ခေတ်ကို အေးချမ်းစွာပြောင်းလဲပြီး ပြည်သူလူထုအစိုးရပေါ်ပေါက်စေခြင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ် ဖြစ်ထွန်းစေခြင်းဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအောင်မြင်ခြင်း ပြရုပ်တစ်ခုဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း လုံးကလက်ခံကျေနပ်ကြတဲ့အထိ အောင်မြင်ဖြစ်ထွန်းတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ နိုင်ငံရေးအပြောင်းအလဲကြီး ဖြစ်ပေါ်လာအောင် နိုင်ငံတော်ခေါင်းဆောင်ကြီး

တွေက အမျှော်အမြင်ကြီးမားစွာကြိုးပမ်းအားထုတ်ခဲ့ရသလို နိုင်ငံချစ်စိတ်နဲ့ တစ်ဖက်တစ်လမ်းက ကြံဆောင်ကြိုးစား ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ တာဝန်သိအရပ်ဘက်နိုင်ငံသားများရဲ့ အခန်းကဏ္ဍ ဟာလည်း နိုင်ငံတော်ရဲ့အပြောင်းအလဲအတွက် အလွန်တရာအရေးပါပါကြောင်း ပြည်သူအများ သိရှိ နားလည်သဘောပေါက်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်ဖော်ဆောင်လျက်ရှိပါတယ်။ စီးပွားရေးပြုပြင် ပြောင်းလဲမှုကဏ္ဍမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်ဖြတ်သန်းဖြေရှင်းအချိန်ယူ ရဦးမှာဖြစ်ပါတယ်။ ဒီလိုအချိန်ယူ ဖြတ်သန်းရင်ဆိုင်ရဦးမယ့်အခက်အခဲကာလမှာ နိုင်ငံတော်ရဲ့ အခြေခံလူတန်းစားအများစုအနေနဲ့ စားဝတ်နေရေးကိစ္စတွေမှာ သိသာတဲ့ သက်သာရာရမှုတွေ လောလောဆယ်မရရှိနိုင်သေးပဲ ထိခိုက်မှုများနဲ့ အပြင်းအထန်ရင်ဆိုင်ဖြေရှင်းနေရဆဲအခြေအနေမှာပဲ ရှိကြရဦးမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ မြို့ပြနေဆင်းရဲသားပြည်သူတွေ၊ ကျေးလက်၌ ပြည်နယ် တောင်တန်းဒေသ ဆင်းရဲသားပြည်သူတွေရဲ့ အခြေခံဘဝလူနေမှုလိုအပ်ချက်၊ စားဝတ်နေရေး လိုအပ်ချက်တွေ၊ အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်တွေအတွက် အစိုးရမဟုတ်သော အရပ်ဘက်လူ့အဖွဲ့အစည်း (NGO) များရဲ့ အကူအညီဟာအတိုင်းအတာတစ်ခုအထိ ပြည်သူတွေ အတွက် အရေးပါနေအုံးမှာဖြစ်ပါတယ်ခင်ဗျား။ ထင်ရှားတဲ့ ဥပမာတွေအနေနဲ့ပြရရင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်မှု၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းတိုက်ခတ်မှုများကြောင့် ကြီးမားစွာသေကျေ ပျက်စီးဒုက္ခခံစားရသူတွေကို အစိုးရအဖွဲ့အစည်းတွေနဲ့အတူ အစိုးရမဟုတ်တဲ့ အရပ်ဘက်လူ့အဖွဲ့ အစည်း (NGO) များက ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုကာလအတွင်းမှာ သက်သာမှုရရှိခဲ့ကြသလို ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အရေးကိစ္စမှာလည်း အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အရှိန်အဟုန်ကြီးမားစွာ ကူညီမှုပမာဏကြီးမားစွာ ဝိုင်းဝန်းပံ့ပိုး လှူဒါန်းကြတဲ့အတွက် အချိန်တိုအတွင်း ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ကြတာကိုလည်း ကမ္ဘာသိဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေးအကူအညီများ ပေးလျက်ရှိတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း အသင်းအဖွဲ့များအနေနဲ့ တချို့ဟာ တရားဝင်အသင်းအဖွဲ့ ဖွဲ့စည်းခွင့်မှတ်ပုံတင်ရရှိခဲ့ပြီးဖြစ်သော်လည်း တချို့အဖွဲ့တွေအနေနဲ့ တရားဝင်မှတ်ပုံတင် လျှောက်ထားသော်လည်း မရရှိကြပဲရှိနေတာ တွေ့နေရဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတကာက လာရောက်ကူညီပံ့ပိုးကြတဲ့ အစိုးရမဟုတ်သော အရပ်ဘက်လူ့အဖွဲ့ အစည်း (INGO) များရှိကြသလို ပြည်တွင်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေလည်း ရှိနေကြပါတယ်။

မိမိရပ်ရွာဒေသ လိုအပ်ချက်တွေအပေါ် အခြေခံပြီး ကူညီပံ့ပိုးရန်စေတနာရှင်များနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့များ၊ လူသားချင်းစာနာထောက်ထားတဲ့အဖွဲ့များ၊ မိမိတို့လုပ်အားငွေကြေးစိုက်ထုတ်ပြီး လူမှုဒုက္ခ ပြဿနာတွေကို ကူညီဖြေရှင်းပေးနေတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့တွေ၊ ဘာသာရေးအရ ကုသိုလ် ကောင်းမှုပြုကြတဲ့အဖွဲ့တွေ စသည်ဖြင့် အဖွဲ့အစည်းအများအပြားရှိကြပါတယ်။ ထို့အတူပဲ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အရင်းအမြစ်စွမ်းရည်မြှင့်တင်ရေး၊ ပညာရေးထောက်ပံ့ကူညီရေး၊ စစ်မက်ဘေးဒဏ်ကျရောက်သည်ကို ကူညီရေး၊ သဘာဝဘေးဒဏ်ကျရောက်သူများ ကူညီရေး စသဖြင့်လည်း အဖွဲ့အစည်းများရှိကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပြောင်းလဲမှုကာလမှာ နိုင်ငံတော်သမ္မတကြီးက အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်း ဆောင်ရွက်ရန် ပွင့်လင်းစွာမိန့်ကြားလမ်းညွှန်ထားတာကို ကြားသိကြရပြီးလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)မှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံး များဖွဲ့စည်းဆောင်ရွက်ခွင့်ရှိကြောင်း အတိအလင်းပြဋ္ဌာန်းထားပါတယ်ခင်ဗျား။ အခုအခါ အစိုးရ မဟုတ်တဲ့အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနဲ့ မှတ်ပုံတင်လျှောက်ထားရာမှာ အတွေ့အကြုံများအရ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ တာဝန်ခံနိုင်သော အမှုအပေါ် မူတည်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးမှ နေပြည်တော် အဆင့်အထိ အနည်းဆုံး ၃ လကနေ ၆ လအထိ အကြမ်းဖျင်းအားဖြင့် အချိန်ယူ ကြာမြင့်ကြောင်း ကြားသိနေရပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ လူသားချင်းစာနာထောက်ထားခြင်းနဲ့ လူသားအကျိုးပြုလုပ်ငန်းများကို စိတ်ကောင်းစေတနာအရင်းခံပြီး ပွင့်လင်းမှန်ကန်စွာ ကူညီပံ့ပိုး ထောက်ကူမှုပြုမယ့် အဖွဲ့အစည်းတွေကို နှောင့်နှေးခြင်းမရှိစေဘဲ ဥပဒေနှင့်အညီ တရားဝင်အဖွဲ့ အစည်းများအဖြစ် မှတ်ပုံတင်ခွင့်ပြုသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် တချို့သော INGO အဖွဲ့အစည်းများအနေနဲ့ လူသားအကျိုးပြုလုပ်ငန်းများကို ရှေ့တန်း တင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး မလိုလားအပ်တဲ့ပဋိပက္ခတွေဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော် ပေးခြင်း၊ အကျင့်ပျက်ဝန်ထမ်းတွေကတစ်ဆင့် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကျဆင်းစေနိုင်တဲ့ မဟုတ် မမှန်တဲ့သတင်းတွေ ဖြန့်ဝေတဲ့လုပ်ငန်းများမှာ ပါဝင်ကူညီခြင်းအစရှိတဲ့ မလိုလားအပ်တဲ့ကိစ္စတွေမှာ ပါဝင်ပတ်သက်လှုပ်ရှားနေကြကြောင်းလည်းသိရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ တချို့သော UN အဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများရဲ့ ဝန်ထမ်းများကို ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်ချက် များကြောင့် UN အဖွဲ့အစည်းမှဝန်ထမ်း ၁၀ ဦးအား နိုင်ငံတော်မှ ဖမ်းဆီးအရေးယူခဲ့ရတဲ့ သာဓက

တွေလည်း ထင်ရှားစွာတွေ့မြင်နေရပါတယ်။ ဒီလို နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းတည်ငြိမ်ရေးကို ထိပါးစွက်ဖက်တဲ့အဖွဲ့အစည်းတွေအပေါ် သေချာစွာ လေ့လာစစ်ဆေးပြီးမှသာ ပြည်သူအများရဲ့ နယ်ပယ်ထဲသို့ ဝင်ခွင့်ပြုသင့်ကြောင်းကိုလည်း ရိုးသားစွာ အကြံပြုတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေနှင့်ညီတဲ့ အဖွဲ့အစည်း၊ ဥပဒေနှင့်မညီတဲ့အဖွဲ့ အစည်းများအဖြစ် စစ်ဆေးစိစစ်သုံးသပ်တဲ့နေရာမှာ ပြည်သူများအတွက် အမှန်တကယ် အထောက်အကူပြုနိုင်သော လုပ်ရပ်မှန်ကန်သော အဖွဲ့အစည်းများကို လိုအပ်သည်ထက်ပိုသော လုပ်ထုံးလုပ်နည်းများကြောင့် လုပ်ငန်းနှောင့်နှေးစေခြင်းဖြင့် နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲရေးမှာ ပူးပေါင်းပါဝင်ထောက်ကူမယ့် အဖွဲ့အစည်းတွေအတွက် အခက်အခဲများဖြစ်ပေါ်စေသလို ပြည်သူများအနေနဲ့လည်း ရရှိမယ့်လိုအပ်ချက် သက်သာခွင့်များဆုံးရှုံးနိုင်တာကို မိမိတို့အနေနဲ့ သတိမူကြရမှာဖြစ်ပါတယ်။ ထို့အတူပဲ နိုင်ငံတော်အစိုးရရဲ့ အသွင်ကူးပြောင်းရေးပြုပြင်ပြောင်းလဲမှုတွေကို အဟန့်အတားဖြစ်ပေါ်စေနိုင်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းအပေါ် အံမဝင်တော့တဲ့ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ခေတ်နဲ့အညီ ပြင်ဆင်ပယ်ဖျက်ပြဋ္ဌာန်းသင့်ပြီလို့လည်း ရိုးသားစွာ ခံယူယုံကြည်မိပါတယ်။ သို့ဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သောလူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုအား ထောက်ခံပါကြောင်းလေးစားရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းမောင်မောင်ဉာဏ်၊ ပန်းတနော်မဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းမောင်မောင်ဉာဏ်(ပန်းတနော်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်အားလုံးကိုလေးစားပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့်ကိစ္စကတော့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဦးသိန်းညွန့်တင်ထားတဲ့ NGO တွေမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရကို လွှတ်တော်ကတိုက်တွန်းကြောင်းအဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ တကယ်ကတော့ မှတ်ပုံတင်တဲ့ကိစ္စကတော့ ရှိတော့ရှိထားပြီးသားပဲ။ ရှိထားပေမယ့်လို့အသက်ဝင်လှုပ်ရှားနိုင်အောင်တော့ ခေတ်နှင့် စနစ်နှင့်ညီအောင်တော့လုပ်နိုင်တဲ့ သဘောမရှိဘူးလို့ယူဆရမယ်။ ကျွန်တော်တို့ လူတွေကလည်း ဘာဖြစ်လာလဲဆိုတော့အသင်းအဖွဲ့တွေ

ဖွဲ့ချင်တဲ့ဆန္ဒ ပြီးတဲ့အခါကျတော့ NGO တွေပေါ့လေ။ အစိုးရမဟုတ်တဲ့ ဖွဲ့ချင်တဲ့ဆန္ဒတွေက အများကြီးပဲ။ ဖွဲ့လည်းဖွဲ့ကြတာပဲ မျက်စိကိုလည်နေတာပဲ။ ကျွန်တော်တို့ဒီထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း NGO ထဲမှာ တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ပါတဲ့လူလည်းရှိမှာပဲ။ အနည်းဆုံးတော့ ဂေါပကအဖွဲ့၊ ဘုရားအဖွဲ့ ဒီလိုဟာမျိုးတွေရှိမှာပဲ။ ကျောင်းသားမိဘအဖွဲ့တွေလည်းရှိမှာပဲ။ ဆိုတော့ အဖွဲ့တွေကလည်း အများကြီးပဲ။ အဲ့ဒီလိုထဲမှာ မှတ်ပုံတင်ဥပဒေက ခေတ်နှင့်လျော်ညီအောင် မလိုက်နိုင်လို့ရှိရင် အများကြီးပြဿနာဖြစ်နေတာတွေ့ရပါတယ်။ ကျွန်တော့်ကိုယ်တွေ့ပါ။ ကျွန်တော် ရန်ကုန်မှာရှိတဲ့ ပန်းတနော်မြို့နယ်အသင်းမှာ ဥက္ကဋ္ဌ ၃ နှစ်လုပ်ခဲ့တယ်။ မှတ်ပုံတင်လိုက်တဲ့အခါ ၄ နှစ်အထိမကျလာပါဘူး။ ကျွန်တော် ထွက်သွားတော့မှ ၅ နှစ်လောက်ကြာတော့မှကျလာပါတယ်။ အဲ့ဒီလိုပဲ ကျွန်တော်တို့လှော်ကားသဘာဝဥယျာဉ်နောက်ကျောမှာ ကျွန်တော်တို့တည်ထောင်ထားတဲ့ အမြိုက်တရားစခန်းရှိပါတယ်။ အဲ့ဒီမှာ သမိတီအဖွဲ့မှတ်ပုံတင်ပါတယ်။ ၁၅ နှစ်လောက်ရှိသွားပါပြီ။ အခုအထိမှတ်ပုံတင်မကျလာပါဘူး။ ဒါဟာ ကျွန်တော်တို့ NGO များနှင့်ပတ်သက်ပြီးတော့ ဥပဒေဟာ ခေတ်နှင့်လျော်ညီအောင်မရှိတဲ့အတွက် နှောင့်နှေးကြန့်ကြာမှုရှိနေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာကို ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ပေးဖို့လိုအပ်ပါတယ်။ ဒါကလည်း အစိုးရကို တိုက်တွန်းရမှာပါ။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ဒီနေ့ ဒီအချိန်အခါမှာ NGO ဆိုတဲ့ဟာက အများပြည်သူကိုစုပေါင်းပြီးတော့ ကူညီတဲ့သဘောပဲ။ အနှစ်သာရက တစ်ယောက်တည်းအားနဲ့လုပ်လို့ မရဘူး။ အများနှင့်စုပေါင်းပြီးတော့ အားနည်းတဲ့သူကိုကူညီရမယ့်သဘောပဲ။ ဒီလိုပဲတွေ့ပါတယ်။ ဒါကြောင့်မို့လို့ NGO တွေနှင့်ပတ်သက်လို့ အခုလိုပြောင်းဆန်နေတာ၊ ပွထနေတာဆိုတဲ့အချိန်မှာ ဒီ NGO တွေနှင့်ပတ်သက်တဲ့ဖွားရာ၊ လားရာကိစ္စလေးကိုနည်းနည်းတင်ပြချင်ပါတယ်။ အဲ့တော့ NGO တွေဟာ ခုနကလို စောစောက ပုဂ္ဂိုလ်တွေဆွေးနွေးသွားတဲ့အထဲမှာပါပါတယ်။ အကြောင်းအမျိုးမျိုးပဲ မြို့နယ်အသင်းတွေလည်းရှိတယ်။ ပညာရေးကိုအကြောင်းပြုတာရှိတယ်။ ကျန်းမာရေးကိုအကြောင်း ပြုတာရှိတယ်။ ဘာသာရေးကိုအကြောင်းပြုတာရှိတယ်။ ဆင်းရဲသားကိုအကြောင်းပြုတာရှိတယ်။ သဘာဝဘေးဒဏ်ကိုအကြောင်းပြုတာရှိတယ်။ အမျိုးမျိုးကိုအခြေခံပြီးတော့ NGO ဖြစ်လာတာပါ။ ဖြစ်လာတဲ့အခါကျတော့ ရည်ရွယ်ချက်အတိုင်းတကယ်လုပ်သလားဆိုတဲ့အခါကျတော့ စေတနာမှန်တဲ့ ရိုးဖြောင့်သော၊ သဘောရိုးရှိသော NGO များက တကယ့်ကိုထိထိရောက်ရောက်လုပ်နိုင်ပါတယ်။ တချို့ကျတဲ့အခါကျတော့လည်း NGO ကိုအကြောင်းပြုပြီးတော့ ကိုယ်ကျိုးစီးပွားရေးရှာတာတွေလည်း ရှိတယ်။ ဒါတွေလည်းတွေ့ရတယ်။ နောက်ကျွန်တော်တို့ ကိုယ်ကျိုးစီးပွားရှာတယ်ဆိုတာ တချို့

တချို့ရင် အများဆီမှာအလှူခံပြီးတော့ အိတ်ထဲထည့်တယ်။ ကျန်တဲ့အနည်းအကျဥ်းကို ပြည်သူအတွက် ပေးတယ်။ ဒီလိုဟာမျိုးတွေ ကျွန်တော်တို့တွေ့ရပါတယ်။ ဒါပေမယ့် ဒီလိုဟာမျိုးတွေလည်း ကျွန်တော်တို့က အရေးယူနိုင်တဲ့အခြေအနေရှိရမယ်။ အခု NGO လုပ်တာတွေဆိုလို့ရှိရင် ကျွန်တော်တို့ ဟုတ်တာကို မဟုတ်တာကို ဒီလိုပဲကြည့်နေရတယ်ဆိုတဲ့သဘောမျိုးဖြစ်နေတယ်။ အဲ့ဒီလိုကြည့်နေရတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီအချိန်အခါမှာ NGO တွေကို Group လုပ်လိုက်သလို လုပ်စေချင်ပါတယ်။ ဒီ NGO တစ်ခုကဘာအတွက်ဖွဲ့တာလဲ။ ပညာရေးလား။ ကျန်းမာရေးလား။ သွေးလှူဖို့လား။ သဘာဝဘေးဒဏ်ကယ်ဆယ်ဖို့လား။ အဲ့ဒီလို ရှိတဲ့ဥစ္စာတွေဟာ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသဖြင့် Grouping လေးတွေလုပ်ပြီးတော့ အဲ့ဒီ Grouping နောက်မှာသင့်တော်တဲ့စည်းကမ်းချက်တွေချပြီး တော့လုပ်ထားစေချင်ပါတယ်။ အဲ့ဒီလို သင့်တော်တဲ့စည်းကမ်းချက်တွေချပြီးတော့မှ ဒီစည်းကမ်းဘောင်အတွင်းမှာမှတ်ပုံတင်ထားတဲ့ အထူးသဖြင့် ကျွန်တော်တို့ဆောင်ပုဒ်အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမယ့် အန္တရာယ်တွေကာကွယ်ဖို့၊ အချုပ်အခြာအာဏာပျက်စီးမယ့်ဟာတွေကာကွယ်ဖို့ ဒီပေတံတွေနဲ့တိုင်းပြီးတော့ ဒီ NGO တွေရဲ့လုပ်ကိုင်ဆောင်ရွက်တဲ့ဟာတွေကို လေ့လာဖို့လိုပါတယ်။ နို့မဟုတ်လို့ရှိရင်တော့ ဒီ NGO တွေဟာ တော်တော်လေးပြန့်နှံ့ပြီးတော့ တော်တော်လေးကို ရောက်နေပါတယ်။ NGO ကြောင့် ဒုက္ခရောက်တာတွေလည်းရှိပါတယ်။ NGO ကြောင့် ကောင်းတာတွေလည်းရှိပါတယ်။ အထူးသဖြင့် UN လွန်ခဲ့တဲ့ ၄၊ ၅၊ ၆၊ ၇ နှစ်လောက်ကတည်းကလာပါတယ်။ NGO တွေက UNDP ဆိုပြီးတော့ တောရွာမှာငွေချေးတယ်။ ၁၀ ယောက် ၁၀ ယောက်တစ်ဖွဲ့ဖွဲ့ပြီးငွေချေးတယ်။ ဝိုင်းကြီးချုပ်ပေါ့လေ။ ပြီးတဲ့အခါကျတော့ ငွေချေးပြီးသွားတဲ့အခါကျတော့ ပိုက်ဆံချေးသွားတဲ့လူက အလုပ်မှမရှိတဲ့အခါကျတော့ ချေးတဲ့ပိုက်ဆံစားတာကုန်ရော၊ ကုန်တဲ့အခါကျတော့ သူ့ဟာလေးကို နောက်တစ်ခါကြွေးပြန်ဆပ်ပြီးတော့ နောက်တစ်ခါပြန်ပြီးတော့ ချေးရမယ်ဆိုတဲ့အခါကျတော့ နောက်တစ်ခါကြွေးဆပ်စရာမရှိဘူး။ အဲ့ဒီအခါကျတော့မှ အိမ်ပေါင်ရတာနဲ့ အိုးခွက်ပေါင်ရတာနဲ့ဆပ်၊ ထုတ်ဖြစ်လာပြီးတော့ ဆပ်နိုင်အောင် ဟိုချေးဒီချေးနဲ့သွားဆပ်တယ်။ ပြန်ထုတ်တယ်။ အဲ့ဒီလိုဟာမျိုးတွေ ဒုက္ခရောက်တာလည်းရှိပါတယ်။ ပိုက်ဆံကတော့ ချေးတာကောင်းပါတယ်။ သို့သော်လည်း ချေးတိုင်းမကောင်းပါဘူး။ ဒီလိုလည်းရှိပါတယ်။ ဒါလည်း အများကြီးသင်ခန်းစာယူရမယ့်ကိစ္စရှိပါတယ်။ အဲ့ဒီလိုပဲ ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ NGO တွေကို ဒီလို စည်းကမ်းဥပဒေတွေနဲ့ထားပေးဖို့ကတစ်ပိုင်း၊ အခုလို NGO တွေပြန့်ပွားနေတဲ့အခါမှာ လုပ်ငန်းတွေဆောင်ရွက်နေတဲ့အခါမှာ လွယ်လွယ်ကူကူဖြစ်အောင်

စည်းမျဥ်း၊ စည်းကမ်းတွေလုပ်ပေးဖို့ကတစ်ပိုင်း၊ ဒါတွေ အမြန်ဆုံးဆောင်ရွက်ဖို့လိုပါတယ်။ အဲ့ဒီလိုမှ လုပ်မပေးရင် ဘာတွေလုပ်လို့ ဘာတွေကိုင်လို့ စည်းကမ်းတွေဘယ်လိုဖောက်လို့ဆိုတာလေ့လာဖို့ ခက်ပါတယ်။ ဘယ်သူမှလည်း လေ့လာတဲ့သူမရှိဘူးလို့ထင်ပါတယ်။ ရွာတွေမှာလုပ်နေကြတာပဲ။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တင်ပြချင်တာကတော့ ဦးသိန်းညွန့်တင်တဲ့အဆိုဟာ ဒီနေ့ခေတ်နှင့်လျော်ညီပါတယ်။ ဒီဥစ္စာကို ကျွန်တော်တို့ NGO မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေက မလုပ်လို့မဖြစ်ပါဘူး။ လုပ်ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ NGO နှင့် ပတ်သက်ပြီးတော့ အမြတ်ထုတ်တဲ့သူလည်းရှိတယ်။ NGO နှင့်ပတ်သက်ပြီးတော့ တကယ့်ပြည်သူကို အကျိုးပြုတာတွေလည်းရှိနေတယ်။ ဒါတွေကိုခွဲခြားပြီးတော့ လေ့လာပြီးတော့ မှတ်ပုံတင်တဲ့ကိစ္စကို တိုက်တွန်းရမှာဖြစ်ပါတယ်။ ဒါကိုလည်း အမြန်ဆုံးလုပ်ပေးမှကောင်းမယ်လို့ထင်တယ်။ ကျွန်တော့် အထင်ပြောရရင် ဘာဖြစ်လို့လဲဆိုတော့ ကြာလေများလာလေပဲ။ ဒါကျွန်တော်တို့အတွင်းမှာပဲရှိတယ်။ အပြည်ပြည်ဆိုင်ရာကလာတဲ့ NGO တွေလည်းရှိသေးတယ်။ ကျွန်တော်တို့လူမျိုးတွေကလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ပါတီ လက်ထက်တုန်းကတော့ တံခါးပိတ်ထားသလိုဖြစ်တော့ အခုမှတံခါးဖွင့်လိုက်တာ အဲ့ဒီတော့ နိုင်ငံခြားဆိုရင်သိပ်အထင်ကြီးတယ်။ ဒီလိုဟာမျိုးသဘောတွေဖြစ်တယ်။ တောက်လျှောက်ပိတ်ထားတာ။ နိုင်ငံခြားသိပ်အဆက်အသွယ်မရှိဘူးဆိုတော့ ပိတ်ထားတာ နိုင်ငံခြားဆိုရင် အထင်ကြီးချင်တယ်။ အဲ့ဒီလိုရှိတယ်။ အဲ့တော့ ဒီကနေ့ ဈေးကွက်စီးပွားရေးနှင့် ပါလီမန်ဒီမိုကရေစီဆိုတာ လေးဘက်သွားရုံရှိသေးတယ်။ ကမ္ဘာမှာဘိုးအေတွေဖြစ်နေတယ်။ ကျွန်တော်တို့ ဒါကိုအများကြီးသတိထားရမယ်။ ဒါတွေမပြောချင်လို့ တိုက်ဆိုင်လို့ပြောတာပါ။ အဲ့ဒီလိုလာတဲ့ အခါကျတော့ NGO အကြောင်းပြုပြီးတော့ အမြတ်ထုတ်တာတွေကအများကြီးပဲ။ သို့သော် ကျွန်တော်တို့လူတွေသိလားဆိုတော့မသိဘူး။ ဘာဖြစ်လို့မသိလဲဆိုတော့ ကျွန်တော်တို့က အမြင်မကျယ်လို့ အဲ့လိုရှိတယ်။ ဒါကြောင့်မို့လို့ NGO တွေလာတဲ့အခါမှာ ပြည်တွင်းကပဲလာလာ၊ ပြည်ပကပဲလာလာ အခုနကပေတံနဲ့တိုင်းပြီးတော့ စည်းမျဥ်းစည်းကမ်းနဲ့ Check လုပ်ပြီးတဲ့ အခါကျလို့ရှိရင် Check လုပ်နိုင်တဲ့အခြေအနေရှိမယ်။ စိစစ်နိုင်တဲ့အခြေအနေရှိမယ်။ သူတို့ကို လုပ်ငန်းဘောင်အတွင်းမှာ ထည့်သွင်းနိုင်တဲ့သဘောရှိမယ်။ NGO တစ်ခုလာပြီးတော့ တိုင်းပြည်မှာ အကုန်လုပ်ချင်တာလုပ်မယ်ဆိုရင်လည်းမဖြစ်ဘူး။ ဒီ NGO က ကျန်းမာရေးလုပ်မှာလား။ ဒီ NGO က ပညာရေးလုပ်မှာလား။ ဒီလိုတော့ ရှိသင့်တယ်လို့ထင်တယ်။ ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်ပြတဲ့

NGO များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ နိုင်ငံတော်အစိုးရအား တိုက်တွန်းဖို့ဆိုတဲ့ အဆိုကို ကျွန်တော်လေးလေးနက်နက်ထောက်ခံရင်းနဲ့ တင်ပြပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆွေးနွေးသွားတဲ့နေရာမှာ ဦးမန်းမောင်မောင်ဉာဏ်က NGO နဲ့ ပတ်သက်လို့ မှတ်ပုံတင်ဥပဒေတွေ ရှိတယ်။ မရှိဘူးမဟုတ်ဘူး။ သို့ရာတွင် ဆိုတဲ့စကားနဲ့ ဆွေးနွေးသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်အပါအဝင် ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတဲ့အခါမှာ မူလဥပဒေလား သို့မဟုတ်ရင် ကျန်တဲ့ ဆင့်ပွား ဥပဒေများဖြစ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေက အကန့်အသတ်ဖြစ်နေလားဆိုတာကို မိမိတို့ နယ်ပယ်မှာ သိတယ်ဆိုလို့ရှိရင် တစ်ခါတည်း လွှတ်တော်ထဲမှာ ဆွေးနွေးတင်ပြစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၄း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထွက်ခွာနိုင်ပါပြီ။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၄း၅၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင့်။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင့်။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်တင်သွင်းသော မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်း အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော

အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (INGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီအဆိုနှင့် အသွင်သဏ္ဌာန်တူညီသော အဆိုတစ်ခုတင်ဖို့အတွက် ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအမှတ် (၆/၈၈) နှင့် သူနဲ့ဆက်စပ်တဲ့အမိန့်၊ ညွှန်ကြားချက်တွေကို လေ့လာခဲ့ပါတယ်။ တင်လိုတဲ့အဆိုကတော့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၆/၈၈) ကိုရုပ်သိမ်း၍ ခေတ်နှင့်လျော်ညီသော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအသစ်တစ်ခုပြင်ဆင်ရေးဆွဲပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒါပေမယ့် အခုဦးသိန်းညွန့်တင်သွင်းတဲ့အဆိုက ရည်ရွယ်ချက်ခြင်းတူတဲ့အတွက်ကြောင့် သူရဲ့အဆိုကို အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။ အဆိုတင်သွင်းဖို့ ရည်ရွယ်ရင်းဖြစ်ခဲ့လို့ ဆွေးနွေးရာတွင်အချိန်ပေးရမှာ ဖြစ်သောကြောင့် ကြိုတင်မေတ္တာရပ်ခံတောင်းပန်ခြင်း ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်နိုင်ငံက ဒီမိုကရေစီစနစ်ထူထောင်ရာမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများ ရှင်သန်ကြီးထွားလာဖို့ လိုအပ်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ ကောင်းစွာရှင်သန်ကြီးထွားလာရင်း နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားလာပြီး လွှတ်တော်ရဲ့ Check and Balance လုပ်ငန်းကိုလည်း ကောင်းစွာ အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ စည်းကမ်းစနစ်ကျနစွာ ရှင်သန်ကြီးထွားလာခြင်းသည် ဒီမိုကရေစီစနစ်၏အင်္ဂါရပ်တစ်ခုလည်း ဖြစ်ပါတယ်။ လေ့လာခဲ့တဲ့ ဒီမိုကရေစီနိုင်ငံများမှာ အစိုးရက အရပ်ဘက်လူ့အဖွဲ့အစည်းများကို ကောင်းစွာအထောက်အပံ့ပေးပြီး အားပေးကူညီမှုများ ပြုလုပ်ပါတယ်။ သူတို့တွေရဲ့ နိုင်ငံများမှာ အသင်းအဖွဲ့ သို့မဟုတ် ဖောင်ဒေးရှင်းတွေက မရေမတွက်နိုင်အောင် ရှိနေပါတယ်။ ဒီအသင်းအဖွဲ့ သို့မဟုတ် ဖောင်ဒေးရှင်းတွေကို အစိုးရ၊ လွှတ်တော်နှင့် နိုင်ငံရေးပါတီများကအထောက်အပံ့ပြုပေးသလို အသင်းအဖွဲ့ သို့မဟုတ် ဖောင်ဒေးရှင်းတွေကလည်း ၎င်းတို့ရဲ့နိုင်ငံတော်အစိုးရနှင့် လွှတ်တော်အတွက် အစွမ်းကုန်ပံ့ပိုးပေးတာကို လက်တွေ့မြင်ခဲ့ရပါတယ်။ အများအားဖြင့် ဒီအသင်းအဖွဲ့ သို့မဟုတ် ဖောင်ဒေးရှင်းများဟာ ဒီမိုကရေစီစနစ်ရှင်သန်ဖို့၊ ဒီမိုကရေစီစနစ်ထူထောင်ဖို့နဲ့ မိမိတို့ရဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးတည်ပြီး ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီမိုကရေစီစနစ်ထူထောင်နေတဲ့၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေကိုလည်း ကူညီပံ့ပိုးပေးနေတာကို တွေ့မြင်ခဲ့ရပါတယ်။ ဥပမာ EU နိုင်ငံများထဲမှာ လူမှုစီးပွားဖွံ့ဖြိုး

တိုးတက်ရေးအတွက် ဖောင်ဒေးရှင်းများတည်ထောင်ထားကြပြီး အဆိုပါဖောင်ဒေးရှင်းမှ ပါလီမန်အတွက် လိုအပ်သော အချက်အလက်၊ Data များ၊ Result များနှင့် လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိနေပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ နိုင်ငံတော်အစိုးရအဆက်ဆက်က အသင်းအဖွဲ့များ သို့မဟုတ် အစည်းအရုံးများ သို့မဟုတ် NGO များနဲ့ပတ်သက်ပြီး ရည်ရွယ်ချက်များနှင့် မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၆/၈၈) ကိုပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၁၉၉၃ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်နှင့် ယခုလက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒီမိုကရေစီခေတ်မှာလည်း ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးနေလျက်ရှိနေပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့မူဝါဒများကတော့ တဖြည်းဖြည်း ပြောင်းလဲလာတာကို တွေ့မြင်နေရပါတယ်ရှင့်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသောဥပဒေများနှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့များ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်လို့ ဖော်ပြပါရှိပါတယ်။ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ နိုင်ငံတော်က မြန်မာနိုင်ငံတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) တို့ပူးပေါင်းပါဝင်မှုဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် လုပ်ငန်းလမ်းညွှန်ကို ထုတ်ဝေခဲ့ပါတယ်။ အဲဒီ လမ်းညွှန်ချက်ရဲ့ ရည်ရွယ်ချက်ထဲမှာ (၁) နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ (၂) အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့်ကိစ္စရပ်များမဖြစ်ပေါ်စေရန်၊ (၃) နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှု မျိုးဖြစ်စေရန်၊ (၄) နိုင်ငံတော်လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ NGO နှင့် INGO များနှင့်ဆောင်ရွက်ရာတွင် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး

အတွက် လမ်းကြောင်းမှန် လမ်းညွှန်မှုပြုရန်၊ ပူးပေါင်းဆောင်ရွက်ရန်၊ လိုအပ်သော အကူအညီများ ပံ့ပိုးပေးရန်နှင့် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်ဆိုပြီးတော့ မူများ ပြောင်းလဲလာခဲ့ပါတယ်။ အဲဒီအပြင် ၂၀-၁၀-၂၀၁၁ ရက်စွဲပါစာ၊ ၂-၁၂-၂၀၁၁ ရက်စွဲပါစာ၊ ၂၃-၂-၂၀၁၂ ရက်စွဲပါစာများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO နှင့် INGO များနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အဆိုပါအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များစသည့် ညွှန်ကြားချက်အမျိုးမျိုးလည်း ထွက်ပေါ်လာခဲ့ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်များဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်နေလို့ နိုင်ငံတကာအဖွဲ့အစည်းများ အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ် ၈ ရပ်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့သလို ယခင်အစိုးရလက်ထက်မှာ အထက်ပိုင်းမှာသာရှိတဲ့ အစိုးရဌာန အဖွဲ့အစည်းများနှင့်သာ ပေါင်းစပ်ညှိနှိုင်းခဲ့သော်လည်း ယခုအစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့စီမံခန့်ခွဲမှု ပုံစံသစ်အောက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့ ညွှန်ကြားထားတာကိုလည်း လေ့လာတွေ့မြင်ခဲ့ရပါတယ်ရှင့်။ အဲဒီညွှန်ကြားချက်များထဲမှာ ခေတ်မီတဲ့အတွေးအခေါ်တွေ ပါဝင်နေသလို ခေတ်မမီတဲ့ ဒီမိုကရေစီ စံချိန်စံညွှန်းမမီတဲ့ အတွေးအခေါ်ယူဆချက်များလည်း ပါဝင်နေတာကို တွေ့မြင်ရပါတယ်။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအမှတ် (၆/၈၈) အခန်း ၅ ခန်းနှင့် ပုဒ်မပေါင်း ၉ ခု ပါ ရှိပါတယ်။ အဲဒီဥပဒေမှာပါရှိတဲ့ ပုဒ်မများဟာ ခေတ်နှင့်ဆီလျော်မှုမရှိတော့သလို ပြည့်စုံလုံလောက်မှုမရှိတော့ပါဘူးရှင့်။ အဲဒီဥပဒေ အခန်း(၃) ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များအောက်မှာပါတဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) ကို ဥပမာအဖြစ် တင်ပြပါရစေရှင့်။ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) မှာ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ်၊ ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာရယူကြသော ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခု၏ ဩဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခုနှင့် ဆက်သွယ်သော အသင်းအဖွဲ့လို့ ဖော်ပြပါရှိပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒီအတွေးအခေါ်များဟာ ခေတ်နှင့်လုံးဝလျော်ညီမှု မရှိတော့ပါဘူးရှင့်။ ဝန်ထမ်းဖြစ်တဲ့ ပညာရေးနှင့် ကျန်းမာရေး ဆရာ ဆရာမများဟာ လူမှုရေးကိစ္စကို

အထူးစိတ်ဝင်စားကြပါတယ်။ အခြားသော ဝန်ထမ်းများကလည်း တစ်ပါးသူများကို ကူညီပံ့ပိုးပေးဖို့ အထူးစိတ်ဝင်စားကြပါတယ်။ ဒါပေမယ့်အသင်းအဖွဲ့တွေကို ပေါ်ပေါ်ထင်ထင် မကူညီရဲကြလို့ တစ်ဖက်လှည့်ဖြင့် ကူညီပေးနေရပါတယ်။ ပြည်နယ်မှာရှိတဲ့ အဖွဲ့တစ်ခုဟာ ဝန်ထမ်းများဖြစ်ပြီး လူမှုရေးကို အထူးစိတ်ဝင်စားကာ အလုပ်လည်းလုပ်ကြပါတယ်။ အဲဒီအဖွဲ့ဟာ လစဉ်ငွေစုပြီး ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ကြပါတယ်။ ဒါ့အပြင် ဒီထက်ကျယ်ပြန့်တဲ့ အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ချင်ပေမယ့် လုပ်ခွင့်မသာခဲ့ပါဘူးရှင့်။ ဒါပေမယ့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာတော့ ဝန်ထမ်းများပါဝင်ခွင့်ရတာ လေ့လာတွေ့ရှိခဲ့ရပါတယ်ရှင့်။ ဒါ့အပြင် နိုင်ငံရေးပါတီများမှာပါတဲ့ ကိုယ်စားလှယ်များဟာ မိမိတို့နှင့်သက်ဆိုင်သော စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်များ အများစုဖြစ်နေပါတယ်။ ရွေးကောက်ပွဲကို ဝင်တော့မယ်၊ ပါတီကို ဝင်တော့မယ်ဆိုရင် အဲဒီအဖွဲ့က အသီးသီးထွက်ကြရပါတယ်။ ဒါဟာ အသင်းအဖွဲ့ ဥပဒေကြောင့် ထွက်ရတာပါ။ ဒါဟာ ခေတ်နှင့်မလျော်ညီသော အတွေးအခေါ်ဖြစ်နေကြောင်းလည်း မြင်တွေ့ရမှာပါရှင့်။ သူများနိုင်ငံတွေမှာ ကိုယ်စားလှယ်ဖြစ်လာရင် သူတို့ရဲ့မိန်းမ သို့မဟုတ် ဆွေမျိုးများက ဖောင်ဒေးရှင်းတည်ထောင်ပြီး သတင်းအချက်အလက်တွေကို ထောက်ပံ့ပေးတာတွေ့မြင်ခဲ့ရပါတယ်။ လူတစ်ဦးတစ်ယောက်ဟာ လူမှုရေးဖွံ့ဖြိုးရေးတွေကို စိတ်ပါဝင်စားမှ နိုင်ငံတော်ရဲ့ အရေးအရာတွေကို စိတ်ပါဝင်စားပြီး ထိရောက်စွာ ပြုလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များဟာ နိုင်ငံရေးဖွံ့ဖြိုးရေးနှင့် လူမှုရေးတွေကို စိတ်ပါဝင်စားပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လုပ်ပေးချင်သူ များပြားပါတယ်။ မိမိတို့ရဲ့ ဒေသဖွံ့ဖြိုးရေးကို လုပ်ကိုင်ရာမှာ NGO နှင့် INGO တို့နှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ အသင်းအဖွဲ့များတွင် ပါဝင်၍ လူထုများကို ထိရောက်စွာ လုပ်ကိုင်နိုင်ခြင်းတို့ ဖြစ်ဖို့လည်း လိုအပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အစိုးရက ဘာကို စိုးရိမ်နေသလဲဆိုတာ ကျွန်မ နားလည်သဘောပေါက်ပါတယ်ရှင့်။ ယခုခေတ်က ဒီမိုကရေစီခေတ်လည်း ဖြစ်နေပါပြီ။ လူထုက ဒီမိုကရေစီအတွေးအခေါ်တွေ၊ မိမိတို့ကိုယ်တိုင် စဉ်းစားဆင်ခြင်နိုင်တဲ့ အတွေးအခေါ်တွေ ရှင်သန်ရှင့်သန်လာဖို့ အလွန်လိုအပ်နေပါပြီ။ ဒီလိုမျိုးဖြစ်ဖို့က အသင်းအဖွဲ့တွေ ရှင်သန်ကြီးထွားလာဖို့ လိုအပ်ပါတယ်။ အသင်းအဖွဲ့များ ရှင်သန်ကြီးထွားပြီး လူထုကို ကောင်းစွာကူညီနိုင်ရန် အစိုးရက အစွမ်းကုန်ကူညီရမှာ ဖြစ်ပါတယ်ရှင့်။ ယခုခေတ်မှာ ဒီမိုကရေစီအတွေးအခေါ်များလည်း ရှိသင့်သလောက် ရှိနေကြပြီဖြစ်ပါတယ်။ လူထုမှာ စဉ်းစားဆင်ခြင်နိုင်တဲ့ အတွေးအခေါ်များ၊ ဒီမိုကရေစီအတွေးအခေါ်များ

ရင့်သန်လာရင် မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရကနေ စိုးရိမ်ပူပန်မှုများကိုလျှော့ချပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ လမ်းညွှန်ချက်များကို လေ့လာရာမှာ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) များပါ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမယ့် မှတ်ပုံတင်လျှောက်ထားရာတွင် ယခင်ဥပဒေကြောင့် လွန်စွာခက်ခဲနေပြီး မှတ်ပုံတင်ရခွင့် နည်းပါးကြပါတယ်။ များသောအားဖြင့် နားလည်မှုများဖြင့်သာ အလုပ်လုပ်ကိုင်နေကြရပါတယ်။ ဥပမာ ကျွန်မတို့တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းကို မှတ်ပုံတင်ခွင့် အကြိမ်ကြိမ်လျှောက်ထားရာ နှစ်ပေါင်း ၅၀ သာ ကျော်လာခဲ့ပါတယ်။ ယခုအချိန်အထိ မရသေးပါရှင့်။ မှတ်ပုံတင်ခွင့်ရရေးကို လွယ်ကူလျင်မြန်စွာ ပြုလုပ်ပေးသင့်ပြီး မှတ်ပုံတင်ကြေးကိုလည်း လျှော့ချပေးသင့်ပါတယ်။ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGO)ကိုလည်း အစိုးရထံတွင် မှတ်ပုံတင်ရန် လမ်းညွှန်ထားသောကြောင့် နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သော ဥပဒေသစ်ကို ပြဋ္ဌာန်းပေးသင့်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ထုတ်ပြန်ခဲ့သော လမ်းညွှန်ချက်များမှာ ခေတ်နှင့်လျော်ညီမှုရှိအောင် ဆောင်ရွက်ထားခဲ့သော်လည်း ယခင်ဥပဒေကို ရုပ်သိမ်းမှုမပြုခဲ့၍ ဥပဒေပိုင်းအနေဖြင့် ကြည့်လျှင် လမ်းညွှန်ချက်များသည် ဥပဒေကို ကျော်လွန်နေသည်ဟု ရှုမြင်နေရပါတယ်။ ဒါကြောင့် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၆/၈၈) ကို လုံးဝရုပ်သိမ်း၍ အသစ်ပြန်လည်ပြဋ္ဌာန်းသင့်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်ရှင့်။ ဒီမိုကရေစီ အနှစ်သာရပြည့်ဝပြီး စစ်မှန်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း NGO, INGO များ တည်ထောင်နိုင်ရန် ခေတ်စနစ်နှင့်လျော်ညီတဲ့ အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသစ်တစ်ရပ် အလျင်အမြန် ပြဋ္ဌာန်းဖို့ လိုအပ်ပါကြောင်း ဦးသိန်းညွန့်တင်သွင်းတဲ့ အဆိုအပေါ် ဆွေးနွေးအကြံပြုအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ယခု ကျွန်တော်ဆွေးနွေးမယ့် ဦးသိန်းညွန့်ရဲ့အဆိုမှာ ဒေါ်နန်းဝါနုမှ ကျွန်တော်ဆွေးနွေးမယ့်အပိုဒ်များကို ဆွေးနွေးသွားတဲ့အတွက် ဒေါ်နန်းဝါနုဆွေးနွေး ခြင်းကို ကျွန်တော့်အနေနဲ့ ထပ်ဆင့်ထောက်ခံပါတယ်။ ကျွန်တော် အခု ဦးသိန်းညွန့် တင်သွင်း ထားတဲ့အဆိုမှာ သမ္မတရဲ့ ဆောင်ရွက်ချက်တစ်ခုအနေနဲ့ ထည့်ထားတာ တွေ့ပါတယ်။ ဒီအသွင်ကူး ပြောင်းမှုကာလမှာ နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းဆောင်ရွက် ရန် ဆိုတဲ့စကား ပါပါတယ်။ အဓိကကတော့ အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်း ဆောင်ရွက်ရန်ဆိုတဲ့ကိစ္စမှာ နိုင်ငံရေးအဖွဲ့အစည်းတွေရော၊ အခြားအစိုးရမဟုတ်သော အဖွဲ့အစည်း တွေရောအားလုံးပါပါတယ်။ NGO ဆိုတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီတော့ ဦးသိန်းညွန့်ဆိုလိုတဲ့ NGO ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော် အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း မှတ်ပုံတင်ရှိထားတဲ့ဥပဒေက ၁၉၈၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ထုတ်ထားတဲ့ဥပဒေမှာ NGO ကို အစိုးရမဟုတ်သော အဖွဲ့အစည်းဆိုတဲ့ဥစ္စာကို တိတိကျကျဖော်ညွှန်းထားတာ လုံးဝမရှိခဲ့ပါဘူး။ အသင်းအဖွဲ့နဲ့ နိုင်ငံရေး အသင်းအဖွဲ့ဆိုတဲ့နှစ်ခုကိုပဲ Definition အနေနဲ့ ထုတ်ထားတာတွေ့ပါတယ်။ အဲဒီတော့ ဒီအနေနဲ့ ထပ်မံပြီးတော့မှ ဦးသိန်းညွန့်အနေနဲ့ NGO များ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်း နိုင်ဖို့ဆိုတာ အသစ်တစ်ခုထပ်တိုးလိုတဲ့သဘော ကျွန်တော် အဲဒီလိုပဲနားလည်ပါတယ်။ ဒါပေမယ့် အခု ဒေါ်နန်းဝါနုဆွေးနွေးသွားသလိုပဲ ဒီဥပဒေအမှတ် (၆/၈၈) ကလည်း ဒါလက်ရှိတည်ဆဲဥပဒေ ဖြစ်တဲ့အတွက် ဒီဟာကို ကျွန်တော်တို့ မလွဲမသွေပြန်လည်ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီဥပဒေက ရှိနေပြီးတော့ အသက်မဝင်တဲ့ဥပဒေဖြစ်ပါတယ်။ ဘာလို့အသက်မဝင်တာလဲဆိုတာ အကယ်၍ ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်းဆိုတဲ့ အပိုဒ်ထဲမှာ အခန်း(၂)မှာ သုံးပိုင်းပါပါတယ်။ အသင်း အဖွဲ့များ ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနတို့ သတ်မှတ်ထားသော နည်းလမ်း အတိုင်း လျှောက်ထားရမယ်။ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနတို့ ပါပါတယ်။ ဝန်ကြီးဌာန နှစ်ခုကို ညွှန်းထားတာဖြစ်ပါတယ်။ လက်ရှိနဲ့မလျှော်ညီတော့တာကို တွေ့ရပါတယ်။ (ခ)မှာ ဖွဲ့စည်း ပြီးသော အသင်းအဖွဲ့သည် ဤဥပဒေပြဋ္ဌာန်းထားသောနေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်။ ဒါလည်းစဥ်းစားလို့ရပါတယ်။ နောက်(ဂ)မှာ ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်လှုပ်ရှားခြင်းမပြုရ။ အဲဒီတော့ ဖွဲ့စည်းခွင့်မရှိသော

အသင်းအဖွဲ့များဆိုပြီးတော့ ဖော်ပြထားတာရှိပါတယ်။ အချိန်ကိုင်ငဲ့ကွက်ပြီး ကျွန်တော် ဒါတွေကို မဖတ်ပြတော့ပါဘူး။ အဓိကကတော့ အသင်းအဖွဲ့မဖွဲ့ရသေးဘဲနဲ့ ရပ်တည်လှုပ်ရှားလို့ မရဘူးဆိုတဲ့ သဘောသက်ရောက်ပါတယ်။ တကယ်တော့ အသင်းအဖွဲ့အစည်းတွေဟာ အစိုးရကို၊ နိုင်ငံနှင့် ပြည်သူကို အကူအညီပေးနေကြတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာဆိုရင် ဒီအစိုးရအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ Civil Society ပြီးတော့ လူ့အဖွဲ့အစည်းတွေကနေ ပေါ်ပေါက်လာတဲ့ အသင်းအဖွဲ့တွေအနေနဲ့ဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ လူအများစုဖြစ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများကနေ ပေါက်ဖွားလာတဲ့ လူမှုအသင်း၊ လူမှုရေး၊ လူမှုအသင်းအဖွဲ့များ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလူမှုအသင်းအဖွဲ့တွေက ရပ်ရွာလူမှုအသိုင်းအဝိုင်းနဲ့ ထိစပ်မှုအရှိဆုံးဖြစ်ပြီးတော့ လူထုကိုကိုယ်စားပြုနိုင်တဲ့ နိုင်ငံတော်ရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ အခု အစိုးရသစ်လက်ထက်မှာ ၂၀၁၂ ခုနှစ် နှစ်စပိုင်းကစပြီးတော့မှ လူမှုရေးအဖွဲ့အစည်းတွေကို ပြန်လည်မှတ်ပုံတင်ဖို့ တစ်နိုင်ငံလုံးမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတွေ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးကနေတစ်ဆင့် အကြောင်းကြားအသိပေးခြင်းများကို ပြုလုပ်ခဲ့တာ ကြားသိခဲ့ရပါတယ်။ ကျွန်တော့်ဆီကို စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ်တစ်မြို့နယ်က တိုင်ကြားစာ တစ်စောင်ရောက်လာပါတယ်။ အဲဒီထဲမှာလည်း ကန့်သတ်မှုတွေပါတဲ့ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကိုတင်ပြပေးစေလိုပါတယ်ဆိုပြီးတော့ ရောက်လာပါတယ်။ အကျဉ်းချုံးပြီးပဲ ပြောမယ်ဆိုရင် ဒီကန့်သတ်မှုတွေ ပါဝင်တဲ့မှတ်ပုံတင်ခြင်းမျိုးကို ဆောင်ရွက်ခိုင်းတာဖြစ်ပါတယ်။ လူမှုရေးအသင်းအဖွဲ့ တစ်ခုထူထောင်သူသည် နိုင်ငံရေးကင်းရှင်းရမည်ဆိုတဲ့ ခံဝန်ကတိပါလာတာဖြစ်ပါတယ်။ ဒါဟာ အခုချိတက်နေတဲ့ ဒီမိုကရေစီစံနှုန်းနဲ့ ကိုက်ညီမှု ရှိ၊ မရှိကိုလည်း ကျွန်တော်တို့ စဉ်းစားသုံးသပ်ရမှာ ဖြစ်ပါတယ်။ ပြစ်ဒဏ်ပေးခံသူမဖြစ်စေရဆိုတဲ့ စကားရပ်ပါပါတယ်။ အဲဒီလို ကန့်သတ်ချက် ပြုလုပ်လာတဲ့အတွက် ပြစ်ဒဏ်ပေးခဲ့ရသူဆိုတာက သူရဲ့ ပြစ်ဒဏ်ကုန်ဆုံးလို့ဖြစ်စေ၊ ဒီအကြောင်းတစ်ခုခုကြောင့် နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတာပဲဖြစ်စေ တစ်စုံတစ်ရာကြောင့်မို့ တရားဝင်လွတ်မြောက်လာတဲ့အခါမှာ သူဟာ အပြစ်သားတစ်ယောက်အဖြစ်မဟုတ်တော့ဘဲနဲ့ ဒီပြည်သူတွေနဲ့အတူ ပါဝင်လှုပ်ရှားခွင့်၊ ဆောင်ရွက်ခွင့်ရှိပါတယ်။ လူ့ပတ်ဝန်းကျင်မှာနေထိုင်ခွင့် ရှိပါတယ်။ အဲဒါကို ပြစ်ဒဏ်စီရင်ခြင်းခံရသူမဖြစ်စေရန် ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်နေတဲ့ ကျွန်တော် သည်ပင်လျှင် စောစောက ဒီကန့်သတ်ချက်နဲ့ မလွတ်ကင်းတဲ့အတွက် ကျွန်တော်လည်း အဲဒီအသင်းအဖွဲ့မှာပါလို့မရဘူးဖြစ်ပါတယ်။ နောက်နာရေးကူညီမှုအသင်းမှာ ရပ်မိရပ်ဖပုဂ္ဂိုလ်များ မပါဝင်စေရ

ဆိုတဲ့စကားလုံး ထပ်တိုးထားတာတွေ့ရပါတယ်။ အဲဒါကို တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုတဲ့ပုံစံမျိုးနဲ့ ကိုယ့်ဒေသကိုယ့်မြို့မှာ ကိုယ့်ဟာကိုယ်ထုတ်တဲ့ဥပဒေလို ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလိုမျိုးဖြစ်နေတာတွေဟာ တိကျတဲ့ဥပဒေဖြစ်ဖို့ လိုအပ်လာတယ်။ တိကျတဲ့ဥပဒေအောက်မှာ တိကျတဲ့ နည်းဥပဒေတွေကို ထုတ်ပြန်ထားတာမျိုးဖြစ်သင့်ပါတယ်။ အခု အသက်မဝင်တဲ့ ဥပဒေကြီးကို ကျွန်တော်တို့ ကိုင်တွယ်နေပြီးတော့မှ ဒီဥပဒေနောက်မှာ ထပ်ပြီးတော့မှ ထပ်ညွှန်းထားတဲ့ အမိန့် ကြော်ငြာစာတွေ လက်ရှိခေတ်အခြေအနေနဲ့ မညီညွတ်တော့တဲ့ ပြဋ္ဌာန်းချက်တွေ ကျွန်တော်တို့ ပြန်လည်ပြောင်းသင့်ပါတယ်။ အဲဒီလိုပြောင်းတဲ့အခါမှာ လက်ရှိလူမှုပတ်ဝန်းကျင်မှာ ဆောင်ရွက်နေတဲ့ အသင်းအဖွဲ့အစည်းတွေအများကြီးရှိပါတယ်။ နိုင်ငံတော်မှာ အရေးပေါ် သဘာဝဘေးဒဏ်ကြုံတဲ့ အခါမှာ ချက်ချင်းဖြစ်ပေါ်လာတဲ့ လူမှုရေးအသင်း၊ အဖွဲ့အစည်းတွေ ပေါ်လာပါတယ်။ အဲဒီလူမှုရေး အသင်း၊အဖွဲ့အစည်းတွေဟာ ဘယ်သူကမှ မှတ်ပုံတင်ထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဂီတသမားက ဂီတအုပ်စုလိုက် ဂီတအသင်းစေတနာရှင်တွေအသင်းတွေ အများကြီးပေါ်ထွက်လာပါတယ်။ ရုပ်ရှင်က ရုပ်ရှင်၊ ကျောင်းဆရာများက ကျောင်းဆရာ၊ ကျူရှင်ဆရာတွေက ကျူရှင်ဆရာ သူ့အလိုက်သူပေါ်လာ ကြပါတယ်။ ဥပမာ- နာဂစ်ဒေသဖြစ်တဲ့ကိစ္စမှာ နာဂစ်ဖြစ်တဲ့ဒေသတွေမှာ ကျွန်တော်တို့ကိုယ်တိုင် သွားရောက်တဲ့အခါမှာ အဖွဲ့ပေါင်းများစွာ ကြုံတွေ့ရပါတယ်။ အဲဒီအဖွဲ့တွေဟာ ဖြစ်ပေါ်လာတဲ့ အခက်အခဲတွေ ကိုယ်မနိုင်တဲ့အခက်အခဲတွေကို တစ်နေရာမှာ တိုင်ပင်မှုနဲ့ စည်းရုံးမှု ဖြေရှင်းဖို့ အတွက်ကို အစည်းအဝေးလေးတွေ လုပ်ဖြစ်ကြပါတယ်။ အဲဒီတော့ ပထမတုန်းကတော့ ကိုယ့်ငွေ၊ သူ့ငွေစိုက်ပြီးတော့မှ သူငယ်ချင်းတွေစုပြီးတော့မှ ငွေကြေးတွေသွားပြီး လှူကြတာ ဖြစ်ပါတယ်။ လှူရင်းကနေ ဖြစ်ပေါ်လာတဲ့အခက်အခဲတွေ အဲဒီအခက်အခဲတွေက ဥပမာ- မုန်တိုင်းတက်လာ ပြီးတော့ ရေတွေတက်လာပြီးတော့ ပြန်ဆင်းသွားတဲ့အခါမှာ တာရိုးကြီးမှာ တိရစ္ဆာန်အသေတွေ၊ လူအသေတွေ တင်ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်တို့ အဲဒီတာရိုးလေးက တစ်ခြမ်းပျက်ဆီး သွားပြီးတော့ အဲဒီအောက်ထိပ်ဘက်မှာ ဘုန်းကြီးကျောင်းရှိပါတယ်။ အဲဒီဘုန်းကြီးကျောင်းကို တစ်ကျောင်းထဲမှာပဲ ရေကန်လေးရှိပါတယ်။ အဲဒီရေကန်က တကယ်တော့ ပင်လယ်ရေလွှမ်းမိုးသွားပါတယ်။ ဒါပေမယ့် ရွာကလူတွေက သောက်ရေမရှိတဲ့အတွက် အဲဒီရေကိုသောက်ပါတယ်။ ကျွန်တော်တို့ မသောက်ဖို့ တားတော့လည်းမရပါဘူး။ ကျွန်တော်တို့ ဒါကို လိုအပ်သလို ကလိုရင်းထည့် ပေးမယ်။ ဒီနေရာကို သွားတဲ့အခါမှာ နှစ်ရက်၊ သုံးရက်လောက်တော့ ပုပ်စော်တွေနံပါတယ်။ နံတဲ့အခါမှာ လူတွေဟာ မူးမေ့သွားမတတ်ခံစားရပါတယ်။ အဲဒီလိုဟာကြီးကို ကျွန်တော်တို့ သွားတဲ့အဖွဲ့က မလုပ်နိုင်တဲ့အတွက်

ကျွန်တော်တို့ဟာ အဖွဲ့အစည်းအသီးသီးကို အကူအညီ အကြောင်းကြားပြီးတော့ ဘယ်လိုလုပ်သင့်သလဲဆိုတဲ့ကိစ္စ ရပ်ကွက်ကလည်း၊ ကျေးရွာကလည်း လူလည်းမရှိတော့ပါဘူး။ သူတို့တွေ တော်တော်များများလည်း သေဆုံးတဲ့အထဲမှာပါသွားတဲ့အတွက် ဒီလိုမျိုးဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဒီလူသေအလောင်းနဲ့တိရစ္ဆာန်တွေအလောင်းတွေနဲ့ ဒါတွေကို ကျွန်တော်တို့ မြေမြှုပ်ဖို့ဆိုတာ အဲဒီနေရာက နုန်းတွေလူတစ်ရပ်နီးပါးလောက်ရှိတဲ့အတွက် ကျွန်တော်တို့မြှုပ်လို့လည်း ခက်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကျွန်တော့်သူငယ်ချင်း နာမည်တော့မပြောတော့ပါဘူး။ သူက အလောင်းကိုမြှုပ်ခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အလောင်းမြှုပ်တဲ့အမှုနဲ့ သူထောင်ကျသွားပါတယ်။ ကျွန်တော်တို့က ဒီဘက်မှာ အဖမ်းခံရတယ်ဆိုတော့ ကျွန်တော်တို့က ဒီဘက်ကလုပ်နေတုန်းပဲရှိပါတယ်။ ကျွန်တော်တို့ ပြန်လာတဲ့အဖွဲ့အစည်း ကားအစီး ၆၀ လောက်ကို တွံတေးတံတားကြီးမှာ ဖမ်းလိုက်ပါတယ်။ အကုန်လုံးစစ်ဆေးခံရပါတယ်။ အကြာကြီး ကျွန်တော်တို့မေးမြန်းခံရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က နောက်တစ်ကြိမ်သွားဖို့ အင်မတန်မှကြောက်လန့်သွားပြီး မသွားတဲ့လူတွေ တော်တော်များများဖြစ်ပါတယ်။ ဒါပေမယ့် လူသားတွေရဲ့ဒုက္ခတွေကို စာနာလွန်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး မနေနိုင်ကြပါဘူး။ ကျွန်တော်ဆို အကြိမ်ကြိမ်သွားပါတယ်။ အကြိမ်ကြိမ်သွားပြီး အကြိမ်ကြိမ်လုပ်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ရင်ထဲကနေ မခံရပ်နိုင်လွန်းလို့။ အဲတော့ အသင်းအဖွဲ့ကို အဲဒီအချိန်မှာဖွဲ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဥပဒေမှာ ကျွန်တော်တို့ ထည့်ဆွဲခဲ့မယ်ဆိုရင်တောင်မှ အရေးပေါ်သဘာဝဘေးအန္တရာယ်များကျရောက်ပါက ယာယီဖြစ်ပေါ်လာတဲ့ အဖွဲ့အစည်းများကို ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကင်းလွတ်ခွင့် ယာယီအဖွဲ့အစည်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးဖို့ လိုအပ်တာတစ်ခု ကျွန်တော်တို့ တွေ့ရပါတယ်။ အဲတော့ ကျွန်တော်တို့ ဒီဥပဒေဟာ အဟောင်းကိုထပ်ပြီးတော့ပြင်မှာလား၊ ဦးသိန်းညွန့်ဖြစ်လိုတဲ့ တစ်ခု NGO နဲ့ပတ်သက်တဲ့ ဥပဒေတစ်ခု ထပ်ပြီးတော့မှ ပြဋ္ဌာန်းဖို့လုပ်မလား၊ ဒီနှစ်ခုကို ကျွန်တော်တို့ စဉ်းစားရပါမယ်။ အမြန် ဆုံးဖြစ်လိုတဲ့ကိစ္စကတော့ အသစ်တစ်ခု၊ အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်း NGO နဲ့ပတ်သက်တဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းတာ အမြန်ဆုံးဖြစ်နိုင်မယ်လို့ထင်ပါတယ်။ အကယ်၍ ဒီဥပဒေအဟောင်းကို ပြင်ကြမယ်ဆိုရင် လိုအပ်တဲ့အချက်အလက်တွေကို ထပ်မံပြီးတော့မှ ထည့်သွင်းရင်တော့ ဒါလည်း တစ်နည်းအားဖြင့်တော့ ဒီဥပဒေအဟောင်းကြီးကို အသက်ဝင်စေတာဖြစ်ပါတယ်။ အဲတော့ ဥပဒေအဟောင်းကြီးကို ရှိပါလျက်နဲ့ ကျွန်တော်တို့ ဒီဥပဒေအတိုင်း မကျင့်သုံးနိုင်ဘူးဆိုရင် ဒါဟာ အတော်လေးကို ကျွန်တော်တို့အတွက် သေနေတဲ့ဥပဒေကြီးနဲ့ ရပ်တည်နေရသလို ဖြစ်ပါတယ်။ ဒီထဲမှာ ပြစ်မှုပြစ်ဒဏ်အရ ထောင်ဒဏ်ငါးနှစ်

သတ်မှတ်ထားပါတယ်။ အခု ကျွန်တော်တို့က အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိဘဲနဲ့ ဆောင်ရွက်နေတဲ့ သူတွေဟာ ဒီဥပဒေနဲ့ငြိတဲ့အတွက် ထောင်ဒဏ်ငါးနှစ် အကျခံရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂစ်ကိစ္စနဲ့ပတ်သက်ပြီးတော့မှ ဆွေးနွေးကြတဲ့အခါ၊ စည်းဝေးတဲ့အခါ၊ အဖွဲ့အစည်း ၈၀ လောက် ရှိပါတယ်။ တချို့ဆိုရင် လေးဖွဲ့လောက်မှာပါနေပါတယ်။ အဲဒီထဲမှာ တရားဝင်မှတ်ပုံတင်ထားတာ သုံးဖွဲ့ပဲပါပါတယ်။ အဲတော့ အဲလိုထဲမှာ သုံးဖွဲ့ကလွဲရင် ကျန်တဲ့လူတွေ တစ်ယောက်ကို ထောင်ငါးနှစ် ကျမယ့်သဘောရှိပါတယ်။ ဒါကလည်း သတိထားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါပေမယ့် ကာလမှာ အရေးပေါ်ကာလဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီးတော့မှ ဖြေလျှော့မှုတွေ ပေးထားတာဖြစ်တဲ့အတွက် အခုထိလည်း ဖြေလျှော့မှုတွေရှိနေပါတယ်။ သို့သော် အသက်မဝင်တဲ့ ဥပဒေကြီးနဲ့ ဖြေလျှော့မှု မျိုးတော့ မဖြစ်စေချင်ပါဘူး။ တိတိကျကျနဲ့ လုပ်တာမျိုးဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့ ဦးသိန်းညွန့်ရဲ့ အဆိုကိုထောက်ခံရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာညနေခင်းပါလို့ နှုတ်ဆက်အပ်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ရဲ့ NGO များဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော NGO များ မှတ်ပုံတင် ခြင်းဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက် တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ အခန်း (၈) ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲ ဆောင်ရွက်ခွင့်ရှိသည်လို့ ပါရှိပါတယ်။ ပုဒ်မခွဲ (ဂ)မှာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်လို့ ရေးထားပါတယ်ရှင်။ ဒါ့အပြင် နိုင်ငံတော်သမ္မတကြီးရဲ့ ပထမဦးဆုံးရာထူးကို ယူတဲ့နေ့မှာပဲ ပြောဆိုသွားတဲ့ မိန့်ခွန်းထဲမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ အရပ်ဘက်လူ့အဖွဲ့အစည်း အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါတယ်လို့ ပြောကြားသွားခဲ့ပါတယ်ရှင်။ ထို့အတူ နိုင်ငံတော်

အစိုးရက ဖော်ဆောင်ပေးနေတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်လူထုအတွက် ဆင်းရဲတဲ့ လူတန်းစားတွေအတွက် လူမှုဘဝမြင့်မားလာစေဖို့အတွက် ဘက်ပေါင်းစုံကူညီဖို့၊ ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မူလတန်းအရွယ်တုန်းက မြန်မာစာမှာ သင်ခဲ့ဖူးပါတယ်။ လဲနေသူထူပေးပါ။ အားငယ်သူ အားပေးပါဆိုတဲ့ စာသားလေးရဲ့ အဓိပ္ပာယ်ဟာ အလွန်လေးနက်ပါတယ်။ အကူအညီလိုအပ်နေတဲ့လူကို ကူညီပေးခြင်းဟာလည်း အလွန်မြင့်မြတ်တဲ့ လုပ်ရပ်ဖြစ်ပါတယ်ရှင်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးတွေမှာ မပြည့်စုံတဲ့ ကျေးလက်နေလူတန်းစားတွေအတွက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဟာ အလွန်အရေးကြီးပါတယ်။ ဒီ လူမှုဘဝဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်နဲ့အတူ၊ နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပြီးလုပ်ဆောင်နိုင်တာကတော့ အစိုးရမဟုတ်တဲ့ (Non- Government) လို့ ခေါ်တဲ့ ဒီ NGO အဖွဲ့အစည်းပဲဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ချီတက်ရာမှာ ချို့တဲ့သောလူတန်းစားတွေအတွက် လူနေမှုဘဝမြင့်မားလာစေဖို့အတွက်နဲ့ ပြည့်စုံကုံလုံတဲ့ သူတို့ရဲ့ဘဝနဲ့ နိုင်ငံတော်နဲ့အတူ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း NGO အဖွဲ့အစည်းများ မှတ်ပုံတင်ရေးဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း တိုက်တွန်းရင်း ဦးသိန်းညွန့်ရဲ့အဆိုအား ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဇော်မြင့်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ရှေ့ကလည်း လွှတ်တော်ကိုယ်စားလှယ်များ အားတက်သရောဆွေးနွေးသွားခဲ့ကြပြီးဖြစ်ပါတယ်။ ဆွေးနွေးသွားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ပဏာမပြောကြားလိုတာကတော့ ဆွေးနွေးသွားတဲ့အရာတွေအားလုံးကို သဘောမတူစရာမရှိပါဘူး။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေ NGO တွေ မြန်မာနိုင်ငံမှာရှိနေပါတယ်။ ဒီအရှိတရားကို ကျွန်တော်တို့ ရှောင်လွှဲလို့လည်းမရတော့ပါဘူး။ အဲ့တော့ NGO တွေ အစိုးရမဟုတ်သောအဖွဲ့အစည်းများဆိုတဲ့ အဓိပ္ပာယ်ကိုစတင်ဖွင့်လှစ်ဖို့လိုပါတယ်။ ဒီ NGO ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က နိုင်ငံတကာမှာ သဘောတူညီထားတာ ဘုံသဘောတူညီထားတာမရှိပါဘူး။ ယေဘုယျပဲဖြစ်ပါတယ်။ ပထမဦးဆုံး ဒီ NGO ရဲ့အဓိပ္ပာယ်ကိုဖွင့်ဆိုမှုကိုဖြစ်မှာ။ ယေဘုယျအားဖြင့်တော့ NGO ဆိုတာ Non Government အစိုးရမသက်ဆိုင်ဘူး။ ဝင်မစွက်

ဖက်ဘူး။ Non Profit အမြတ်မယူတဲ့လုပ်ငန်းများဖြစ်ပါတယ်။ လုပ်တဲ့သူတွေဟာ စေတနာနဲ့လုပ်တဲ့အတွက် Voluntary ဖြစ်ပါတယ်။ Voluntary Sector ဖြစ်ပါတယ်။ ဒီသုံးချက်ဟာ ယေဘုယျလက်သင့်ခံထားတာပါ။ ဒါပေမယ့် NGO တိုင်း ဒီစံနှုန်းတွေနဲ့ ကိုက်ညီသလားဆိုတော့ မကိုက်ညီပါဘူး။ တချို့ NGO တွေဟာ အစိုးရကနောက်ခံပြုပါတယ်။ အဲ့ဒါကို GONGO Government Backer NGO လို့ခေါ်ပါတယ်။ သူတို့က အစိုးရရဲ့ဝါဒဖြန့်ချိရေး လုပ်ငန်းများကို လုပ်ပါတယ်။ တခြားအကျိုးရှိမယ့်လုပ်ငန်းများကိုလုပ်ပါတယ်။ ဒါလည်းရှိမှာပဲ နိုင်ငံတိုင်းမှာရှိတယ်။ ဒါကိုအသိအမှတ်ပြုရမယ်။ ဒါပေမယ့် တချို့ကကျတော့လည်း အမြတ်ယူတဲ့လုပ်ငန်းလေးတွေရှိပါတယ်။ ဒီတော့ ကျွန်တော်တို့တစ်တွေ NGO နှင့်ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုရမှာဖြစ်ပါတယ်။ ဒီလိုအဓိပ္ပာယ်ဖွင့်ဆိုဖို့ဆိုရင် နိုင်ငံတကာမှာ NGO ကို ယေဘုယျအားဖြင့်ဖွင့်ထားတာလေးနှစ်ပိုင်းရှိပါတယ်။ နှစ်မျိုးရှိပါတယ်။ ဥပမာ - လုပ်ငန်းရည်ရွယ်ချက်ပေါ်မှာမူတည်ပြီးတော့ NGO တွေကိုဖွဲ့ထားတာရှိပါတယ်။ (၁) ကဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့တစ်တွေ Services ဆိုတဲ့ဝန်ဆောင်မှုတွေပေးပါတယ်။ ကျန်းမာရေးဝန်ဆောင်မှုပေးပါတယ်။ ပညာရေးဝန်ဆောင်မှုပေးပါတယ်။ လူထုလိုအပ်တဲ့ဟာတွေကိုပေးပါတယ်။ နောက်လူတွေကို ကိုယ့်အားကိုယ်ကိုးတတ်လာအောင် ငွေပေးပါတယ်။ မြေပေးပါတယ်။ လိုအပ်တာတွေပေးပြီးတော့ ကိုယ့်ဘဝကိုယ်ထူထောင်အောင်လို့ လုပ်တဲ့ဟာတွေရှိပါတယ်။ နောက် ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်တဲ့အဖွဲ့တွေရှိပါတယ်။ တစ်နည်းအားဖြင့် Refuse လို့လည်းခေါ်ပါတယ်။ လိုအပ်တဲ့ဆေးဝါး၊ အဝတ်အထည်အကူအညီပေးတဲ့အဖွဲ့တွေရှိပါတယ်။ နောက်ဆုံးတစ်ခုက In Powering လို့ခေါ်တဲ့ စွမ်းရည်တွေ၊ စွမ်းအားတွေ မြှင့်တင်ပေးတဲ့ NGO တွေရှိပါတယ်။ ဒါက သူတို့ရဲ့လုပ်ငန်းရည်ရွယ်ချက်ပေါ်မူတည်ပြီးတော့ ခွဲခြားတာပါ။ ကျွန်တော်တို့ဒါလေးတွေသိထားရမှာဖြစ်ပါတယ်။ ဒုတိယကတော့ ဘယ်အဆင့်၊ ဘယ်အတိုင်းအတာအထိလုပ်နိုင်သလဲအပေါ်မူတည်ပြီးတော့ခွဲခြားပါတယ်။ CBO (Community Base Organization) လို့ခေါ်တဲ့ CBO ဆိုတာရှိပါတယ်။ အရေးကြီးပါတယ်။ အဲ့ဒါ ကျွန်တော်တို့နိုင်ငံမှာ CBO တွေပါ။ လူထုကိုအခြေခံပြုပြီးတော့မှ ဖွဲ့ထားတဲ့ဟာတွေအများကြီးရှိပါတယ်။ ဒီ CBO လေးတွေနှင့်ပတ်သက်ရင် ကျွန်တော်တို့ဂရုထားရမှာ၊ နောက်တစ်ခုက City Wide မြို့တစ်မြို့ကိုပဲ လုပ်နိုင်တဲ့ NGO တွေရှိပါတယ်။ နောက်တစ်ခုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လုပ်နိုင်တဲ့ National NGO တွေရှိပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတကာမှာလုပ်နေတဲ့ INGO တွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့သမ္မတကြီးကနေ

အရပ်ဘက်လူ့အဖွဲ့အစည်းပဲခေါ်ခေါ်၊ အစိုးရမဟုတ်သောလူ့အဖွဲ့အစည်းပဲခေါ်ခေါ် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ပြောထားပါတယ်။ ကျွန်တော်တို့ အဲ့ဒီတော့ ဒီ NGO တွေပေါ်ပေါက်လာဖို့ ကျွန်တော်တို့တစ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေမှာတာဝန်ရှိပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ၂၀၁၅-၂၀၁၆ မှာ ရည်မှန်းထားပါတယ်။ နောက် ထောင်စုနှစ် UN ရဲ့ ထောင်စုနှစ်ရည်မှန်းချက်တွေရောက်ဖို့ဆိုရင် သူတို့ကိုလက်တွဲလုပ်ရမှာဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တကယ်တမ်းနာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းအပြီးမှာ ပေါ်ပေါက်လာတာ လူထုအခြေပြု အဖွဲ့အစည်း CBO တွေဖြစ်ပါတယ်။ ယနေ့ CBO တွေဟာ အကြပ်အတည်းနဲ့ ဖြစ်နေပါတယ်။ အသက်ရှူမဝဖြစ်နေပါတယ်။ ဘာကြောင့်လဲ မှတ်ပုံတင်ရမယ်လို့ပြောလိုက်တဲ့အခါ ကျွန်တော်တို့တစ်တွေဟာ အရင်အသင်းအဖွဲ့ (၆/၈၈) နဝတအစိုးရဖွဲ့စည်းထားခဲ့တဲ့ သတ်မှတ်ပေး ခဲ့တဲ့ဥပဒေအတိုင်းဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော် အနည်းငယ်ဆွေးနွေးပါရစေ။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ရဲရဲတင်းတင်းပြောပါဆိုတဲ့မှာကြားချက်အရ ကျွန်တော် အနည်းငယ်တင်ပြချင်ပါတယ်။ ဒီ ၁၉၈၈ ခုနှစ်က ကျွန်တော်တို့ဆွဲခဲ့တဲ့၊ ချမှတ်ခဲ့တဲ့ဥပဒေ (၆/၈၈) ဟာ အဲ့ဒီအချိန်က ဘာကြောင့် ဒီဥပဒေပြဋ္ဌာန်းရတာလဲဆိုရင် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အနှောင့်အယှက်အဟန့်အတားတွေ မရှိရအောင်ရေးဖွဲ့တာလို့ ပြဋ္ဌာန်းတာလို့ပြောပါတယ်။ ဒီတော့ ကျွန်တော်တို့ ဒီနေ့လူထုကတင်မြှောက်တဲ့ အစိုးရတစ်ရပ်လည်း ပေါ်လာပြီ။ ဂုဏ်သိက္ခာရှိတဲ့လွှတ်တော်တစ်ရပ်လည်းပေါ်လာတဲ့အချိန်မှာ ၆/၈၈ လိုအပ်ပါသလား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များစဉ်းစားဖို့ ကျွန်တော်ပြောချင်ပါတယ်။ ဥပဒေ ၁၉၈၈ ခုနှစ် ကထုတ်ခဲ့တဲ့ဥပဒေပုဒ်မ ၆ ဟာ အုပ်ချုပ်နေတဲ့အစိုးရက နိုင်ငံရေးစိန်ခေါ်မှုတွေကို ဟန့်တားလိုတဲ့ အတွက် နိုင်ငံရေးလှုပ်ရှားတက်ကြွသူတွေကိုဖမ်းခဲ့တာ ဒီပုဒ်မနဲ့ဖမ်းခဲ့တာ နိုင်ငံရေးလှုပ်ရှားတက်ကြွ သူကျောင်းသားတော်တော်များများဟာ ဒီပုဒ်မနောက်ဆက်တွဲ အတပ်ခံရတာပါ။ ဥပမာဆိုရင် ကျွန်တော်ထောင်ထဲမှာ ဒီပုဒ်မနဲ့ထပ်ပြီး ၅ နှစ်အတိုးခံရတယ်။ ကျွန်တော်အကျဉ်းသားအခွင့်အရေး တောင်းမိတဲ့အတွက် အကျဉ်းသားအခွင့်အရေးကာကွယ်ရေးအဖွဲ့ ဖွဲ့ပါတယ်ဆိုပြီးတော့ ကျွန်တော် ၅ နှစ်ထပ်ကျတယ်။ အဲ့တော့ ကျွန်တော်တို့တစ်တွေ လူထုကောင်းကျိုးကိုလုပ်နေတဲ့သူတွေ၊ အများ ကောင်းကျိုးကိုလုပ်နေတဲ့ အသင်းအဖွဲ့လေးတွေဟာ မှတ်ပုံမတင်နိုင်လို့ ဒီဥပဒေနဲ့အရေးယူမယ် ဆိုရင် ၅ နှစ်ဆိုတဲ့ ပြစ်ဒဏ်ကြီးမများဘူးလား။ စဉ်းစားဖို့ကောင်းပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာတဲ့အခါကုမ္ပဏီတွေ ကျွန်တော်တို့ရဲ့တည်ဆဲဥပဒေတွေနဲ့မလုပ်နိုင်ဘူးဆိုရင်တောင်မှ သတိပေး တယ်ဆိုတဲ့ဟာလေးပဲပါတယ်။ ကျွန်တော်တို့ ဒါလည်း ပြန်စဉ်းစားဖို့ကောင်းပါတယ်။ နည်းဥပဒေ

ထဲတွေမှာ ဒီအသင်းအဖွဲ့လေးတွေပြဿနာဖြစ်လာတာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုမှာ သံဃာတော်တွေကို ပစ်ပယ်လို့မရပါဘူး။ ကျွန်တော်တို့ သံဃာတော်တွေရဲ့ အရိပ်အာဝါသအောက်ကိုခိုပြီးတော့ လူမှုရေးအဖွဲ့လေးတွေဖွဲ့ပြီးတော့ ကျန်းမာရေးဆေးခန်းလေးတွေ ဖွဲ့ရပါတယ်။ ဖွင့်ရပါတယ်။ နောက် အခမဲ့ကျောင်းလေးတွေသင်ရပါတယ်။ အဲ့တော့ ဒီသံဃာတော်တွေရဲ့ အရိပ်အာဝါသဟာ ဘာကြောင့်ယူရတာလဲဆိုတော့ ဒီသံဃာတော်တွေကိုလူထုက ကြည်ညိုပါတယ်။ အလှူငွေရှာပေးနိုင်ပါတယ်။ ဩဇာရှိပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်ငန်းလေးတွေ အောင်မြင်ဖို့ သံဃာတော်တွေပါရပါတယ်။ အခု သံဃာတော်တွေမပါရဘူးဆိုတော့ ကျွန်တော်တို့ မြတ်စွာဘုရားတောင်မှ လောကတ္ထစရိယာကိုဟောထားပါတယ်။ ကျွန်တော်တို့က ဒါကို ဆန့်ကျင်ရာရောက်မနေဘူးလား။ ဒါလေးတစ်ချက်ပဲ စဉ်းစားပေးစေချင်ပါတယ်။ (၂) နိုင်ငံရေးအကျဉ်းသား၊ နိုင်ငံရေးသမားတွေ ဒီလိုအသင်းအဖွဲ့တွေမှာမပါရဘူးလို့ပြောတာက အခြေခံဥပဒေပုဒ်မ ၃၉၀ မှာ ဘာပြဋ္ဌာန်းထားလဲဆိုရင် နိုင်ငံသားတိုင်းမှာ အောက်ဖော်ပြပါကိစ္စများမှာ ကူညီရန်တာဝန်ရှိပါတယ်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်းဟာ ကျွန်တော်တို့ရဲ့တာဝန်ပါ။ နိုင်ငံရေးသမားတွေမှမဟုတ်ပါဘူး။ နိုင်ငံသားတိုင်းတာဝန်ရှိတယ်ဆိုရင် ကျွန်တော်တို့လည်းတာဝန်ရှိပါတယ်။ ဒီအဖွဲ့လေးတွေဟာ ကျွန်တော်တို့အသင်းအဖွဲ့လေး တွေ၊ NGO လေးတွေဖွဲ့ပြီးလုပ်နေရတာပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေပါ။ အဲ့တော့ အသင်းအဖွဲ့လေးတွေမှာ နိုင်ငံရေးသမားတွေမပါရဘူးဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်ဖွံ့ဖြိုးရေး ကျွန်တော်တို့ ဘယ်လိုလုပ်လက်တွဲလုပ်မလဲ။ လိုအပ်ရင် ကျွန်တော်တို့က ဒီအသင်းအဖွဲ့လေးတွေဖွဲ့ဖို့ ကျွန်တော်တို့အားပေးရမယ်။ အဲ့ဒီတော့ အသင်းအဖွဲ့တွေမှာ နိုင်ငံရေးသမားမပါရဘူးဆိုတာ ခေတ်နှင့်မလျော်ညီတော့ပါဘူး။ နောက် လျှောက်လွှာတင်တဲ့အခါမှာ အသင်းအဖွဲ့လျှောက်လွှာတင်တဲ့အခါမှာ အဆင့်တွေက များလွန်းအားကြီးလွန်းပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးကနေ နေပြည်တော်အထိ။ အဲ့တော့ ဖြည့်ရတဲ့ပုံစံကလည်း ပုံစံ ၄ ရွက်စီဖြည့်လိုက်တဲ့အခါ ဆွေ ၇ ဆက်၊ မျိုး ၇ ဆက်ရေးရပါတယ်။ စစ်ဘက်၊ နယ်ဘက်အသိတွေရေးရပါတယ်။ ဒါတွေဟာ အရင်ခေတ်က ထောက်လှမ်းရေးက ကျွန်တော်တို့ကိုထောင်ကျလို့ဖမ်းဆီးတဲ့အချိန်မှာ ရေးရတဲ့ကိုယ်ရေးအချက်အလက်တွေဖြစ်နေပါတယ်။ အဲ့တော့ ပြည်သူလူထုကောင်းကျိုးကိုဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်တွေ ဒီလောက်အထိလိုသလား။ ဒီမိုကရေစီမှာ ပွင့်လင်းလာပါပြီ။ အဲ့ဒီတော့

ဒီနေ့ သယ်ကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်တင်သွားတဲ့ NGO တွေနှင့်ပတ်သက်လို့ ခေတ်နှင့် လျော်ညီတဲ့ ဥပဒေတစ်ရပ်ဖြစ်ပေါ်ဖို့ဆိုတာအရေးကြီးပါတယ်။ ကျွန်တော်တို့လုပ်သင့်ပါတယ်။ ပြဋ္ဌာန်း သင့်ပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ အခြေခံလူတန်းစားတွေအားလုံး ဒီ NGO ဆိုတဲ့ဟာ လေးတွေပေါ်လာရင် သူတို့အတွက် ကျန်းမာရေး၊ ပညာရေး တချို့စရိတ်စကနည်းသွားမှာဖြစ်တဲ့ အတွက် ကျွန်တော်တို့ ပြဋ္ဌာန်းသင့်တယ်ဆိုတဲ့အကြောင်းပြောကြားရင်းနဲ့ ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံကြောင်းတင်ပြပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဖြူဖြူသင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သယ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလို တင်ပြရာမှာ ကျွန်မတို့ အတွေ့အကြုံများပေါ် မူတည်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မ တို့နိုင်ငံမှာ အခုအခါ နိုင်ငံတကာကနေပြီးတော့ ဝင်ရောက်လာတဲ့ INGO များနဲ့ ချိတ်ဆက် ဆောင်ရွက်နေတဲ့ Local NGO များ၊ တစ်နိုင်တစ်ပိုင်စေတနာရှင်များနဲ့ လူထုအခြေပြုဖွဲ့စည်းဆောင် ရွက်နေတဲ့အဖွဲ့များ၊ ကုသိုလ်ဖြစ် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများနဲ့ လိုအပ်တဲ့အခါများမှာ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းများ အသွင်အမျိုး မျိုးနဲ့ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။ ကျွန်မတို့ လူမှုအဖွဲ့အစည်းမှာ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံ အရကိုပဲ ဝါတွင်းဆွမ်းလောင်းအသင်းလို၊ ဥပသကာအဖွဲ့လို ကုသိုလ်ဖြစ် ဆောင်ရွက်လာခဲ့ကြတဲ့ အစဉ်အလာလည်း ရှိပြီးဖြစ်ပါတယ်။ ဘာသာရေးနဲ့ကုသိုလ်ရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းငယ်တွေအများအပြားဟာ လူမှုအဖွဲ့အစည်း CSO အဖြစ်နဲ့ အသားတကျ ဆောင်ရွက် လာခဲ့ကြပါတယ်။ အခုအခါမှာ ခေတ်စနစ်အရွေ့အပြောင်းနဲ့အတူ အထက်မှာတင်ပြခဲ့တဲ့ အစိုးရ မဟုတ်တဲ့အဖွဲ့အစည်း NGO များရယ်လို့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်း ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။ အဲဒီအခါမှာ အများစုရဲ့စိတ်ဝင်စားမှုနဲ့ လုပ်ဆောင်တဲ့လုပ်ငန်းစီမံချက်များအလိုက် ပြည်တွင်းပြည်ပတို့မှ စိတ်ဝင်တစား ကူညီပူးပေါင်းဆောင်ရွက်လာတာတွေ တွေ့နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဲဒီအခါမှာ ငွေကြေးဆိုင်ရာဆက်နွယ်မှုတွေ ပါလာပါတယ်။ ဒီနေရာကစလို့

အကောင်းအဆိုး ယှဉ်တွဲဖြစ်ပေါ်မှုတွေ လက်တွေ့မှာ တွေ့လာကြပါတယ်။ ကောင်းကျိုးများအနေနဲ့ ကတော့ အမြင့်ဆုံးအနေအထားဖြင့်ဆိုရင် အစိုးရများကိုယ်တိုင် အလျင်အမြန်ဆောင်ရွက်နိုင်မှုမရှိတဲ့ ကိစ္စရပ်များ၊ အလှမ်းကွာဝေးတဲ့ဒေသများ၊ အခြေခံလူထုလူတန်းစားထဲမှာ ဖြစ်ပွားနေတဲ့ကိစ္စရပ်များကို လျင်လျင်မြန်မြန်ထိထိရောက်ရောက် ဆောင်ရွက်နိုင်တဲ့ အကျိုးတရားတွေရရှိပါတယ်။ အချို့သော လူမှုကယ်ဆယ်ရေးများမှာ NGO များရဲ့ ဖြည့်ဆည်းဆောင်ရွက်မှုတန်ဖိုးဟာ ငွေကြေးပမာဏ အားဖြင့်ပဲ ထိုက်ထိုက်တန်တန် ဖြည့်ဆည်းဆောင်ရွက်နိုင်တာတွေ တွေ့ရပါတယ်။ အစိုးရ အဖွဲ့အစည်းနဲ့ ပြည်သူများအကြား၊ အဖွဲ့အစည်းများအသီးသီးနဲ့ ပြည်သူများအကြား လိုအပ်သလို ပေါင်းကူးချိတ်ဆက် ဆောင်ရွက်ပေးနိုင်တာတွေလည်း ရှိပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်အရေးနဲ့ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို ဥပဒေနည်းလမ်း စည်းကမ်းတကျ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တာတွေ၊ အခြေခံလူမှုအဖွဲ့အစည်းရဲ့ စွမ်းရည်မြှင့်တင်ရေးတွေကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ချိတ်ဆက်မှုအားနည်းပြီး ထင်သာမြင်သာမရှိတဲ့အခြေအနေမျိုးရဲ့အောက်မှာ ငွေကြေးအခွင့်အရေးကို အလွဲသုံးစားလုပ်တာတွေ၊ ပြည်တွင်းပြည်ပလှူဒါန်းမှုများဟာ မူလရည်ရွယ်ထားတဲ့ လူ့အဖွဲ့အစည်းရဲ့ လုပ်ငန်းများဆီကို ရာခိုင်နှုန်းနည်းနည်းသာရောက်ပြီး ဆောင်ရွက်နေသူများရဲ့ ဝန်ဆောင်ခစရိတ် များမှာ လိုတာထက် ပိုမိုအသုံးပြုပြီး NGO အဖွဲ့အစည်းများရဲ့ ဝန်ဆောင်စရိတ်များနဲ့ အများဆုံး ဖြုန်းပစ်နေတဲ့ အခြေအနေကိုလည်း တွေ့နေရပါတယ်။ အတွေ့အကြုံအရ သဘာဝဘေးဒဏ် ကြီးကြီးမားမားထိခိုက်ခံရတဲ့ အခြေအနေနဲ့ဒေသတွေမှာ NGO များ အဖွဲ့အသီးသီး ဝင်ရောက် လာတာတွေကြောင့် ဒေသလူမှုစီးပွားညီမျှခြေ ပျက်သွားတာတွေတောင် တွေ့လာရပါတယ်။ ဥပမာ အနေနဲ့ ပြောရမယ်ဆိုရင် မြစ်ဝကျွန်းပေါ်ရဲ့ နာဂစ်ဘေး၊ ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့ ဂီရိဘေးတို့ကို မြောက်မြားစွာသော NGO များ သွားရောက်ကူညီကြရင်း အထူးသဖြင့် ငွေကြေးတောင့်တင်းတဲ့ INGO များ သွားရောက်အခြေချပြီး ရက်ရှည်လများဆောင်ရွက်တဲ့နေရာမှာ ဒေသပေါက်ဈေးအားဖြင့် အဆပေါင်းများစွာ မြင့်မားတဲ့ ငှားရမ်းခတွေ၊ အသုံးပြုတာမျိုးတွေ မော်တော်ယာဉ်၊ ရေယာဉ် စတာတွေကို မြင့်မားတဲ့ ငှားရမ်းခတွေ၊ နှုန်းတွေနဲ့ အသုံးချတာတွေကြောင့် ဒေသခံလူမှုစီးပွားရေး ညီမျှခြေပျက်ယွင်းသွားတဲ့ ဆိုးကျိုးတွေကို စီမံကိန်းတွေ ပြီးသွားတဲ့နောက်မှာ ဒေသခံများအဖို့ မရှုနိုင် မကယ်နိုင်ခံစားနေကြရတာမျိုးတွေလည်း တွေ့လာရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဲဒီလို ကောင်းကျိုးနဲ့ယှဉ်တွဲလာတဲ့ဆိုးပြစ်များ ဘာကြောင့်ဖြစ်လာရသလဲလို့ စဉ်းစားကြည့်တဲ့အခါမှာ ပထမဆုံးအချက်အနေနဲ့ ယခင်အစိုးရလက်ထက်မှာ လွှမ်းမိုးထိန်းချုပ် ကန့်သတ်မှုတွေ များလွန်းပြီးတော့ လိုရင်လိုသလို မလိုရင်မလိုသလို ခွင့်ပြုခြင်း၊ ပိတ်ပင်ခြင်းတွေကို စီမံခန့်ခွဲမှုအခွင့်အာဏာ အရှိန်အဝါသုံးတာတွေရှိတဲ့အတွက်ကြောင့် အာဏာပိုင်အဖွဲ့အစည်းများနဲ့ အဆင်ပြေအောင် အပေးအယူလုပ်ပြီး ကိုယ်ကျိုးရှာမှုတွေ ဖြစ်ထွန်းလာတာ အများဆုံးတွေ့ခဲ့ ရပါတယ်။ မူလအားဖြင့် သဘောရိုးဖြင့် ကူညီဆောင်ရွက်ရာမှာပင် ခက်ခဲကြပ်တည်းအောင် ဟန့်တားပြီး အပေးအကမ်းရှိပါမှ အဆင်ပြေပြေလုပ်ကိုင်ရတာမျိုးတွေရှိပါတယ်။ တစ်ခါတစ်ရံမှာ လူသားချင်းစာနာတဲ့အကူအညီနဲ့ ရေရှားပါးလို့ သွားရောက်ပေးဝေရာမှာတောင် အဖွဲ့အစည်း တစ်ခုခုရဲ့ အမည်တို့၊ အလံတို့သုံးစွဲမှ ဝင်ခွင့်ဝေခွင့်ပေးတာမျိုးတွေလည်း ကြုံခဲ့ရပါတယ်။ ဒုတိယ အကြောင်းအနေနဲ့ကတော့ ပွင့်လင်းရိုးရှင်းစွာ ဆောင်ရွက်ခွင့်မရတဲ့ နောက်ဆက်တွဲ အကျိုးဆက် အနေအထားနဲ့ မလိုလားအပ်တဲ့ အလွဲသုံးစားမှုတွေ ပေါ်ပေါက်လာရပါတယ်။ ဘယ်သူတွေက ဘယ်သူတွေအတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ မူလရည်မှန်းချက်ပါ အကူအညီရရန် လိုအပ်တဲ့လူတွေက ဘယ်လောက်အထိ ရထိုက်ရခွင့်အခြေအနေရှိတယ်ဆိုတာတွေ မသိတဲ့အခါမှာ အလှူရှင်များရဲ့ ငွေကြေးအလွဲသုံးစားမှုတွေ၊ အလှူရှင်တွေရဲ့ပစ္စည်းတွေဟာ ဈေးကွက်ထဲကို ရောက်သွားကြတာတွေလည်း ကျွန်မတို့ ရင်ဆိုင်ခဲ့ရပါတယ်။ တတိယအကြောင်းအနေနဲ့ကတော့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း၊ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားလွန်းခြင်းစတဲ့ အခြေအနေတွေရဲ့အောက်မှာ နိုင်ငံတကာပူးပေါင်းကူညီဆောင်ရွက်မှု လူမှုအဖွဲ့အစည်းများရဲ့ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းလာတဲ့အပေါ်မှာ စီးပွားရေးအခွင့်အလမ်းတစ်ရပ်အဖြစ် အခွင့်အရေး ဖော်ဆောင်လိုသူများ ပေါ်ပင်စီးပွားရေးအဖြစ် ဝင်ရောက်လာတာတွေကြောင့်လည်း ဒီလိုဆိုးကျိုးတွေ ပေါ်ပေါက်လာတာလို့ သုံးသပ်မိပါတယ်။ ဒီအခါမှာ NGO များရဲ့ မူလရည်ရွယ်ချက်က လွဲချော် သွားတာတွေ၊ လမ်းကြောင်းပြောင်းသွားတာတွေ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ NGO များရဲ့ ကောင်းကျိုးတွေ များများဖြစ်ထွန်းပြီး အားနည်းချက်တွေ နည်းပါးနိုင်ဖို့အတွက် (၁) လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ခွင့်ရရှိရေး၊ (၂) တာဝန်ယူမှု တာဝန်ခံမှုပီပြင်စေမယ့် ဥပဒေ နည်းလမ်းတကျ ဆောင်ရွက်နိုင်ခွင့်ရရှိရေး၊ (၃) NGO တစ်ဖွဲ့ချင်းရဲ့ မူလရည်မှန်းချက်များအတိုင်း ဖြောင့်မှန်စွာ ဆောင်ရွက်နေခြင်း ဟုတ်၊ မဟုတ် စိစစ်တိုင်းတာနိုင်ရေး၊ (၄) မွန်မြတ်တဲ့စိတ်ရင်းစေတနာ နဲ့ဆောင်ရွက်မယ့် NGO များ အားကောင်းယှဉ်သန်ဖွံ့ဖြိုးအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးရေးဆိုတာ

တွေ လိုအပ်လာပါတယ်။ ဒီလိုဖြစ်နိုင်ဖို့ဆိုရင် ခေတ်နဲ့လျော်ညီတဲ့ ဥပဒေတစ်ရပ် အရိပ်အမိုး အကာအကွယ်ရှိအောင် ဖန်တီးပေးဖို့ မလွဲမသွေလိုအပ်ပါတယ်။ ချုပ်ချယ်ဟန့်တား ပိတ်ဆို့ခြင်းနဲ့ စည်းကမ်းတကျ ရှင်သန်ဖွံ့ဖြိုးဆောင်ဆောင်ရွက်နိုင်ခြင်းဟာ အနှစ်သာရအားဖြင့် အလွန်ပဲကွာခြား ပါတယ်။ ဒါကြောင့် ခေတ်နဲ့လျော်ညီတဲ့ဥပဒေဆိုတာ စည်းကမ်းတကျဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်း ကိုဖြစ်ထွန်းစေတဲ့ဥပဒေမျိုးဖြစ်ဖို့ လိုအပ်တာကို သတိချပ်သင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။ အရပ်ဘက်လူမှု အဖွဲ့အစည်းများနဲ့ NGO အဖွဲ့အစည်းများ အားကောင်းရှင်သန်လာတာနဲ့အမျှ အစိုးရများရဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုကို အားဖြည့်ကူညီနိုင်မှာဖြစ်သလို ဒီကနေ့ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တတဲ့ ပီပြင်တဲ့ ဒီမိုကရေစီအခွင့်အရေးများနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အချိုး ညီညီ တိုးတက်ရရှိစေမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် NGO အဖွဲ့များ စည်းကမ်းတကျ ရှင်သန်ဆောင်ရွက်နိုင်မယ့် ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန္တာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါရှင့်။ ကျွန်မ ကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းထား တဲ့ NGO များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။

အဆိုတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့ အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းလို့ ပါရှိ ပါတယ်။

အဆိုတွင် ပါရှိသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ ဆိုသည့်အတိုင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အနေနှင့် ဒီမိုကရေစီစနစ်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်

ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ဥပဒေပြုရေးအခန်းကဏ္ဍမှာ အဓိက ပါဝင်တဲ့ လွှတ်တော်ရဲ့ တာဝန်တစ်ရပ်ကို ဖော်ဆောင်ခြင်းဖြစ်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းသည် နိုင်ငံရဲ့ အနာဂတ်ဖြစ်သလို ယနေ့ လွှတ်တော်ကြီးရဲ့ သမိုင်းလည်း ဖြစ်လာပါလိမ့်မယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ နိုင်ငံတော်သမ္မတက NGO များနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါဟာ NGO များက ကျေးလက်ဒေသများ၌ အစိုးရအနေနှင့် ဖြည့်ဆည်းပေးရန် မစွမ်းဆောင်နိုင်သေးသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာတို့တွင် ဆောင်ရွက်နေမှုများအား ပူးပေါင်းအားပေး ကူညီရန် ဖြစ်ပါတယ်။ NGO အဖွဲ့အစည်းများ များလာလျှင် ဒီမိုကရေစီ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး ဖြစ်ထွန်းမှု၊ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ NGO များက အစိုးရရဲ့ မူဝါဒတွေကို လူထုယုံကြည်လက်ခံလာနိုင်စေသလို ပြည်သူလူထုရဲ့ လိုအပ်ချက်နှင့် အခွင့်အရေးတို့လည်း ပို၍သိမြင်လာစေမှာ ဖြစ်ပါတယ်။

ယနေ့အစိုးရသစ်ဟာ လူမှုရေးအဖွဲ့အစည်းများ ပြန်လည်မှတ်ပုံတင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်များမှတစ်ဆင့် အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ တရားဝင် မှတ်ပုံတင်ထားသော NGO အဖွဲ့အစည်း ၂၇၈ ဖွဲ့နှင့် INGO အဖွဲ့ ၆ ဖွဲ့သာ ရှိကြောင်း သိရှိရပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ နိုင်ငံတစ်နိုင်ငံအနေနဲ့ အဘက်ဘက်က တိုးတက်ကောင်းမွန်မှု အထောက်အပံ့ဖြစ်လာစေရန် NGO များ အမြောက်အမြား လိုအပ်နေပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မြန်မာနိုင်ငံမှာ ၁၉၈၈ ခုနှစ်က အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ဥပဒေအမှတ် (၆/၈၈) ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းဥပဒေတွင်ပါရှိသော ဥပဒေအချက်အလက်အများစုသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိသည့်အပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုပင် အဟန့်အတားများ ဖြစ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ယင်းဥပဒေအခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)တွင် အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း လျှောက်ထားရမည်လို့ ပါရှိပါတယ်။ သတ်မှတ်ထားသော နည်းလမ်းများသည် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ရုံးချုပ်အဆင့်ဆိုပြီး အဆင့်ဆင့် စိစစ်မှုများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်သော NGO များ နည်းပါးရခြင်းအကြောင်း တစ်ရပ်ဖြစ်သည်ဟု ယူဆရပါတယ်။

ဥပဒေတွင်ပါရှိသော ပုဒ်မတိုင်းကို သုံးသပ်မပြတော့ပဲ ခြုံငုံသုံးသပ်ရလျှင် ဥပဒေတွင်ပါရှိသော အချက်အများစုသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှု မရှိသည့်အပြင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးကိုပင် အဟန့်အတားများ ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ယင်းဥပဒေပုဒ်မ ၆ တွင် မည်သူမဆို ပုဒ်မ ၃ ပုဒ်မခွဲ (ဂ) ကိုဖြစ်စေ၊ ပုဒ်မ ၅ ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၅ နှစ်ထိ ကျခံစေရမည်ဟူသည့် ဖိနှိပ်မှုပြင်းလွန်း သည့်ပြစ်ဒဏ် များ။ အလားတူ ပုဒ်မ ၇ တွင်လည်းပဲ မည်သူမဆို ပုဒ်မ ၃ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းခွင့်ကိုဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကိုဖြစ်စေ မရသောအသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ ၅ အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်ကြောင်း အသင်းအဖွဲ့ကို အားပေးကူညီကြောင်း သို့မဟုတ် ထိုအသင်း အဖွဲ့၏ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးနှစ် ထိကျခံစေရမည်ဟု ပြစ်မှုပြစ်ဒဏ် မမျှတသော၊ တရားမဲ့သော၊ အဆိုးဝါးဆုံးသော ပြဋ္ဌာန်းချက်များ ပါရှိနေပါတယ်။ ဒါတွေဟာ ယနေ့ခေတ် ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ အရပ်ဘက်လူ့အဖွဲ့ အစည်းများ ပူးပေါင်းပါဝင်ခွင့်ကို ခြိမ်းခြောက်ဟန့်တားနေပြီး ခေတ်နှင့်လုံးဝမလျော်ညီတော့ပါရှင့်။ ၎င်းအပြင် ယင်းဥပဒေ အခန်း(၅) ပုဒ်မ ၈ ၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ် သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု NGO များကို လွှမ်းမိုးချုပ်ကိုင်ထိန်းချုပ်ရန် ပြဋ္ဌာန်းထားရာ ဒီမိုကရေစီစံနှုန်းများနှင့် ဆန့်ကျင်နေ သည်မှာ အငြင်းပွားဖွယ်ရာ မရှိပါရှင့်။

ဒါကြောင့် NGO များကို ဒီမိုကရေစီခေတ်နှင့် လျော်ညီစွာ မှတ်ပုံတင်နိုင်ရေးအတွက် ဥပဒေ တစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန် ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။ ဤအဆိုနှင့် အနှစ်သာရ သဘောတရားတူသော အဆိုတစ်ရပ်ကို ဤလွှတ်တော်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ (ခ) ဦးစိုင်းထွန်းဝင်းက ၁၁-၃-၂၀၁၁ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ ဆွေးနွေးခဲ့ဖူးပါတယ်။

၂၀၁၂ ခုနှစ်၊ မတ်လမှာလည်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) ဒေါက်တာတင်ရွှေ ကလည်း NGO များအား ကြီးကြပ်စောင့်ရှောက်မှုနှင့် ပတ်သက်ပြီး မေးခွန်းများ မေးမြန်း ဆွေးနွေး တင်ပြခဲ့ဖူးပါတယ်။ အမျိုးသားလွှတ်တော်မှာလည်းပဲ NGO များနှင့်ပတ်သက်တဲ့ ဆွေးနွေးချက်များကို ကော်မတီများဖွဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်ရှင့်။ ဒီလိုပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များက NGO များနှင့်ပတ်သက်ပြီး အကြိမ်ကြိမ် တင်ပြဆွေးနွေးခြင်းဟာ

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အင်မတန်အရေးတကြီး လိုအပ်နေလို့ ဖြစ်ပါတယ်။ NGO များ မှတ်ပုံတင်ခြင်းဥပဒေကို ရေးဆွဲရာမှာလည်း NGO များမှ ကိုယ်စားလှယ်များနှင့် အလုပ်ရုံဆွေးနွေး ပွဲများ ပြုလုပ်ပြီး အကြံပြုဆွေးနွေးချက်များရယူခြင်း၊ မှတ်ပုံတင်ကြေးကို သင့်တင့်သော ပမာဏ ဖြစ်စေခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစဉ်ပြေချောမွေ့လွယ်ကူမှုရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား အခွင့်အာဏာပေးထားခြင်း၊ နိုင်ငံတကာ NGO ဥပဒေများကို လေ့လာ ကိုးကားခြင်းစတဲ့ အချက်များကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တင်ပြရင်း သယံဇာတန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့အဆိုအား ဆွေးနွေးတင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့် အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတဲ့နေရာမှာ ပိုမိုထိရောက်ကောင်းမွန်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ် ရုံးကို မေတ္တာရပ်ခံလိုပါတယ်။ တည်ဆဲ NGO များ မှတ်ပုံတင် ဥပဒေနှင့် နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို မိမိတို့လွှတ်တော်ကို ပေးပို့ထားစေလိုပါတယ်။ ဒီအခါမှသာ ဆွေးနွေးချက်၊ ဆွေးနွေးသူများ၏ ဆွေးနွေးချက်အပေါ် စဉ်းစားသုံးသပ်လို့ရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ် ရုံးတို့က တည်ဆဲ NGO များ မှတ်ပုံတင် ဥပဒေ၊ သက်ဆိုင်သောနည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို လွှတ်တော်ရုံးသို့ မနက်ဖြန်ပေးပို့ဖို့ ပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် အစည်းအဝေးကို ဒီမှာ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၁၅း၅၀ နာရီတွင် ရပ်နားပါသည်။**]**